ကတညုတာ ဇတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၈)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီဂျစ်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသော ဒေါက်တာအာမက် နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

အပြိုင်အဆိုင်ကြိုးစားသင်ယူနေသောပညာခေတ်တွင် ထူးချွန်သူများပေါ်ထွန်းရေး သင်ထောက်ကူပစ္စည်းများအပြည့်အဝ ထိထိရောက်ရောက်အသုံးပြုသင်ကြား အတွင်းရေးမှူး(၁) ကမာရွတ်အထက(၃)မာလ်တီမီဒီယာဖွင့်ပွဲ၌မှာကြား

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဗိုစောတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်မည့် ပညာရှင်များမွေးထုတ်နိုင်ရေး နိုင်ငံတော်က အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီနိုင်ငံတော်ကို အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကသာ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ပညာရေးကဏ္ဍ၌ ဘက်စုံပညာထူးချွန်ရေး အတွက် ရည်မှန်းချက်များ စနစ်တကျချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး ကိုလည်း မိဘများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းမှုများဖြင့် ဆောင်ရွက်ခဲ့ရာ ၉၆ ရာခိုင်နှုန်းနီးပါး ပြည့်ဆည်းနိုင်ခဲ့သဖြင့် ကျောင်းနေအရွယ်ကလေးများ ရာခိုင်နှုန်းပြည့်နီးပါး ကျောင်းနေနိုင်ပြီဟု ဆိုနိုင်သည်။ မူလတန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများသည်လည်း အလယ်တန်းပညာကို လက်လှမ်းတမီ ဆက်လက်ဆည်းပူးနိုင်ကြပြီ ဖြစ်သည်။

မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်နိုင်၍လည်း စာသင်ချိန်နည်းနည်းအတွင်း ဘာသာရပ် အသီးသီးကို များများသင်ယူတတ်မြောက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးနိုင်လျက်ရှိပြီ ဖြစ်သည်။

လစဉ်ဆန်းစစ်ခြင်းနှင့် စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းတို့ဖြင့် ကျောင်းသားများအား အမှန်တကယ် စာတတ်မြောက်စေရန် သင်ကြားပေးနိုင်ရုံမက အများကောင်းကျိုး လိုလားသူများ၊ အနာဂတ်အတွက် အားထားရသူများ၊ ဘက်စုံထူးချွန်ထက်မြက်သူများဖြစ်လာစေရန်အတွက် ကျောင်းသား၊ မိဘနှင့်ဆရာ သုံးဦးသုံးဖလှယ် ပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းက ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်း ဆောင်သစ်ဖွင့်ပွဲနှင့် ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနား၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြား ရာတွင်–

"အခြေခံပညာကဏ္ဍ၌သာမက ဒေသအသီးသီးတွင် အဆင့်မြင့်ပညာများကို သင်ယူနိုင် အောင် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်များ စတင်ပေါ်ထွက်လာနေပြီလည်း ဖြစ်ကြောင်း၊ ယင်းပညာတတ်များက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ကြီးကို တည်ဆောက်သွားရမည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင် စသည့် ပညာတတ်များ မွေးထုတ်နိုင်ရေးအတွက် ဆက်လက် အားပေး ပျိုးထောင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း"

ပြောကြားသွားသည်။

ယခုအခါ ပညာရေးကဏ္ဍတွင်သာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ် အသီးသီး၌လည်း ရှေ့သို့ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကောင်းများ၊ အသီးအပွင့်ကောင်းများ ရရှိနေပြီ ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး ဦးတည်ချက်များကို မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်၍ လက်တွေ့ အကောင်အထည် ဖော်လျက်ရှိနေပြီ ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို တည်ဆောက်သွားကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်က အစွမ်းကုန် အားပေး မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၇-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝေဒနာနုပဿနာသတိပဋ္ဌာန်"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -The Nature and Meaning of Law (ပထမနှစ်–ဥပဒေအထူးပြု)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၁၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"သြဝါဒကောင်းမွန် ကောင်းကျိုးညွှန်"**
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၃၇)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာဗောဓိမြိုင်ဆရာတော်ကြီး ဝိဇာတမင်္ဂလာပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျေးဇူး တော်ရှင် ဝနဝါသီ ဥေယျမမွှသာမိ မထေရ်မြတ်၏ သက်တော်(၆၃)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲကို ဩဂုတ် ၁ ရက်၌ ဆရာတော်ကြီး မူလတရားအားထုတ် ရာ ဒေသဖြစ်သော သဃ်န်းကျွန်းမြို့ နယ် ၈/တောင်ရပ်ကွက် သာသနာ့ အလင်းရောင် မြတ်စွာဘုရားဓမ္မာရုံ တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းပူဇော်လိုသူများသည် ဦးပု ဖုန်း–၅၇၁၄၀၂၊ ဦးထွန်းအောင် ဖုန်း– ၂၁၂၃၈၇၊ ဦးကြီးစိန် ဖုန်း–၅၇၇၉၄၈၊ ဦးယုစန်း ဖုန်း– ၅၈၄၆၃၈၊ ဒေါ်ခင် ကြည် ဖုန်း–၅၄၈၄၂၂၊ ဦးစံသိန်း ဖုန်း–၅၆၅၃၉၆၊ ဥက္ကဋ္ဌ ဦးသိန်းဦး ဖုန်း– ၅၆၅၁၈၉၊ ဒု–ဥက္ကဋ္ဌများဖြစ်ကြ သော ဦးထွန်းအေး ဖုန်း– ၅၇၇၇၈၀၊ ဦးမျိုးမြင့် ဖုန်း–၇၂၆၈၄၆၊ ဒေါက်တာ တင်ထွဋ် ဖုန်း– ၂၂၉၂၅၆၊ ဦးမြင့်နွယ် ဖုန်း–၅၅၆၃၈၇၊ အတွင်းရေးမှူး ဦးညို မြင့် ဖုန်း–၇၂၇၇၄၂၊ တွဲဖက် အတွင်း ရေးမှူးများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း–၅၆၅၄၉၂၊ ဦးမြင့်ဇော် ဖုန်း– ၀၉–၈၀–၂၀၄၂၂၊ ဦးခေတ်ကို ဖုန်း– ၂၀၀၈၂၀၊ ဘဏ္ဍာရေးမှူး ဒေါ်တင် တင်လှ ဖုန်း–၅၄၉၇၉၃၊ တွဲဖက် ဘဏ္ဍာရေးမှူး ဒေါ်ချိုရွှေဝါ ဖုန်း– ၅၇၉၆၂၇၊ စာရင်းစစ် ဒေါက်တာ မြသွင် ဖုန်း–၅၆၁၂၇၄၊ တွဲဖက် စာရင်း စစ်များဖြစ်ကြသော ဦးကျော်မင်း– ဖုန်း ၅၄၁၁၃၃၊ ဦးတင်ရွှေတို့နှင့် ကော်မတီရုံးတည်ရှိရာ အမှတ် ၆၅၁ ပြည်သာယာလမ်း ၁၆/၄ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ဖုန်း– ၅၇၈၈၃၄ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင် ကြောင်းနှင့် ဆရာတော်ကြီး၏ သိက္ခာ သုံးရပ် အကျင့်မြတ်ကို ဂုဏ်ပြုပူဇော် သောအားဖြင့် ဗောဓိမြိုင် ဓမ္မရသ စာစု(၁) စာစောင်ကို ယင်းနေ့တွင်ပင် စတင်ဖြန့်ချိမည်ဟု သိရသည်။

(က–ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်သိမ့်ဆွေးနွေးပညာပေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေးပညာပေး ဌာန (Counselling Centre)များတွင် တာဝန်ယူဆောင်ရွက်ကြသူများအတွက် လုပ်ကိုင်မှုနည်းစနစ်များ မှန်ကန်မှု ရှိစေရန်အတွက် ဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေးပညာပေး (Counselling)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၅)ရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင် ခင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း နှင့် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ အမျိုးသမီး များအား အကြမ်းဖက်မှုမှ ကာကွယ် ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်း အဖွဲ့ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်း အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူ များ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန် အဝေးသင်တက္ကသိုလ် စိတ်ပညာဌာနမှ သင်တန်းနည်းပြများနှင့် သင်တန်းသူ များ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီက သင်တန်း ဆင်း အမှာစကားပြောကြားပြီး သင် တန်းသူများအား သင်တန်းဆင်း လက် မှတ်များ ပေးအပ်သည်။ **(အောက်ပုံ)**

အလှူငွေပေးအပ်

ထို့နောက် သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး လူမှု ဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း အတွက် အလှူငွေများ ပေးအပ်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ကရင်၊ ကယား၊ မွန်၊ ရခိုင်ပြည်နယ်များနှင့် ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ပဲခူး (အရှေ့)နှင့် ပဲခူး(အနောက်)တိုင်းတို့မှ သင်တန်းသူ စုစုပေါင်း ၃၆ဦး တက် ရောက်ကြသည်။ **(သတင်းစဉ်)**

အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်း သော မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရ အောင်ပင်လယ်စာသင် တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် သာသနဓဇ ဓမ္မာ စရိယ အရှင်ကောဏ္ဍည စသော စာအောင် သံဃာအရှင်မြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲ၊ စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲတို့ကို ၁၃၆၆ခု ဒုတိယ ဝါဆိုလပြည့် ဇူလိုင် ၃၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ် စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ပင့်သံဃာ တစ်ပါးလျှင် ကျပ် ၁၀၀၀၀၊ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် သဒ္ဓါတရား ရှိသရွေ့ ဆက်သွယ် လှူဒါန်းနိုင် ကြောင်း သိရသည်။ **(၁၉၂)**

ကတိကဝတ်စည်းမျဉ်းစည်းကမ်းများလေးစားလိုက်နာကျင့်သုံးမှသာ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် အသက်ဝင်တည်တံ့ခိုင်မြဲနေမည်

ရန်ကုန် ဇူလိုင် ၁၆

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သောဘိတမဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သမ္မောဒနီယ ဩဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေး ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ၏ သမ္မောဒနီယ ဩဝါဒကထာ ကို သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရက ဖတ်ကြားတော်မူစဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့ဘုရား–

ဆရာတော်အရှင်မြတ်တို့ကို ဝမ်းမြောက်ဖွယ်=သမ္မောဒနီယ စကား လျှောက်ထားလိုပါသည်ဘုရား။ ယခု ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ် နယုန် လဆန်း ၁၄ရက်(ခရစ်နှစ် ၂၀၀၄ ခုနှစ် ဇွန်လ ၁ ရက်)အင်္ဂါနေ့မှစ၍ ကောဇာ သက္ကရာဇ် ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၈ရက် (ခရစ်နှစ် ၂၀၀၄ ခုနှစ် ဇွန်လ ၁၀ ရက်)ကြာသပတေးနေ့အထိ ၁၀ ရက်တိုင်တိုင် ပြည်နယ်/တိုင်း အသီးသီးတို့မှ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ပြည်နယ်/တိုင်းသံဃနာယကဆရာတော်များ၊ပြည်နယ်/တိုင်း သာသနာရေးမှူးများအား သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းများ သင်ကြားပို့ချပေးခဲ့ပါသည်ဘုရား။

ထိုသင်တန်း၌ သက်ဆိုင်ရာ တာဝန်ကျ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ခုနစ်ပါးတို့က သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ယင်းလုပ်ထုံး လုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ဝိနည်းဓမ္မကံ၊ အဓိကရဏ်း မှုခင်းဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာနှင့် အထွေထွေ ဘာသာရပ်များကို သင်ကြားပို့ချပေးတော်မူကြ၍ လူပုဂ္ဂိုလ်ပညာရှင် နှစ်ဦးတို့က တရားရေးရာ၊ ဥပဒေရေးရာဘာသာရပ်များကို ပို့ချပေးကြရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပြည်နယ်၊ တိုင်း သံဃနာယကဆရာတော် ၅၆ ပါး၊ ပြည်နယ်/တိုင်းသာသနာရေးမှူး ၁၈ဦးတို့က အားတက်ဖွယ်ရာ တက်ရောက် သင်ယူလေ့လာတော်မူကြပါသည်။

သင်တန်းသားပုဂ္ဂိုလ်များက မရှင်းလင်းသော အကြောင်းအရာများကို လေ့လာမေးမြန်းကြရာ သင်တန်းပြပုဂ္ဂိုလ်များက ရှင်းလင်းဖြေကြားကြပါသည်။ မေးခွန်းများ များလွန်းသောကြောင့် အချို့မေးခွန်းများကို စာဖြင့်ရေးသား ပေးပို့ခဲ့ရပါသည်။ ထိုသင်တန်းတက်ရောက်တော်မူကြသော နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ပြည်နယ်/တိုင်း သံဃနာယက ဆရာတော်များသည် ယခုအခါ မိမိတို့ ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်အသီးသီးတို့၌ ဆင့်ပွားသင်တန်းများပင် သင်ကြားပို့ချပေးရန် စီစဉ်နေကြပြီဖြစ်ပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်မှ ၁၄ ရက်အထိ ၁၃ ရက်တိုင်တိုင် ဝိနည်းဓိုရ် သင်တန်းကိုလည်းကောင်း၊ ၁၉၈၁ခုနှစ် မေလ ၄ ရက်မှ ၁၉ရက်အထိ ၁၆ ရက် တိုင်တိုင် သံဃနာယကသင်တန်းကိုလည်းကောင်း ဖွင့်လှစ်၍ သင်ကြားပို့ချ ပေးခဲ့ဖူးပါသည်။ ထိုသင်တန်းပို့ချချက်များမှရရှိလာသော အချက်အလက် များကို စုစည်း၍“ဝိနည်းဓိုရ်သင်တန်း ပို့ချချက်များ”နှင့်“နာယကလက်စွဲ” စာအုပ်များ ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။ ၁၃၅၇ခုနှစ် တော်သလင်းလဆန်း ၁ရက်၊ ၂ရက်များ၌လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်များကို ပင့်ဖိတ်၍ ထက်အောက် ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ဖူးပါသည်။

ဆရာတော် အရှင်မြတ်တို့ဘုရား၊ အထူးအားဖြင့် စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေး၊ နဝမအစည်းအဝေး တို့၌ တပည့်တော်၏ တိုက်တွန်းချက်အရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ထက်အောက် ညှိနှိုင်းပွဲများ၊ ပြည်နယ်/တိုင်းသီလရှင် အဖွဲ့အစည်းများ၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံ ဩဝါဒခံယူရန်နှင့် သီလရှင်များနှင့် သင့်လျော်သည့် သာသနာပြုကိစ္စရပ်များကို ပြဋ္ဌာန်းသတ်မှတ်၍ တာဝန်ပေး ဆောင်ရွက်စေရန်ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်စေရေး အတွက် ၁၃၅၉ခုနှစ် တပို့တွဲလဆန်း ၄ ရက်၊ ၅ရက်၊ ၆ရက်များ၌ ပြည်နယ်၊တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်များနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ထက်အောက်ညှိနှိုင်းပွဲနှင့် ပြည်နယ်/တိုင်း ထေရဝါဒ ဗုဒ္ဓဘာသာ သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အကျိုးဆောင်များ၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံ ဩဝါဒခံယူပွဲအခမ်းအနားကိုလည်း ကျင်းပနိုင်ခဲ့ ပါသည်ဘုရား။

ယင်းအခမ်းအနား၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် စပ်လျဉ်း သည့်ကိစ္စ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏ လုပ်ငန်း လမ်းညွှန်ချက်နှင့်စပ်လျဉ်းသည့်ကိစ္စ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့်ကိစ္စ၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း များ၊ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် ကိစ္စ၊ ပညာရေးကဏ္ဍနှင့်စပ်လျဉ်းသည့်ကိစ္စ ၊ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့ အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ သီလရှင်ကျင့်ဝတ်များ၊ ညွှန်ကြားလွှာ ၈၄ တို့နှင့် စပ်လျဉ်းသည့်ကိစ္စ စသည်များကို သက်ဆိုင်ရာ တာဝန်ကျ ဆရာတော်များက ရှင်းလင်းတင်ပြခြင်း၊ ယင်းရှင်းလင်းတင်ပြ ချက်များအပေါ် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်များနှင့် ပြည်နယ်/တိုင်း သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ အကျိုး ဆောင်များက ဝေဖန်ဆွေးနွေး အကြံဉာဏ်များပေးခြင်း၊ လိုလားချက် များတင်ပြခြင်း၊ ယင်းဝေဖန် ဆွေးနွေးချက်များ၊ တင်ပြချက်များကိုပြန်လည် ဖြေကြားခြင်းတို့ဖြင့် သုံးရက်တိုင်တိုင် အားတက်သရော ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ယခင်သင်တန်းများ ၊ဆွေးနွေးညှိနှိုင်းပွဲများ ပြုလုပ်စဉ်က ပေါ်ထွက်လာသော အချို့ဆွေးနွေးချက်များ၊ အကြံပြုချက်၊ ပြန်ကြားချက်များ ပြည့်ပြည့်စုံစုံ အကောင်အထည်မပေါ်ဘဲ ကြွင်းကျန်နေ သည်များ ရှိခဲ့ပါသည် ဘုရား။ သို့ဖြစ်၍ ယခု သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်းတို့မှ ပေါ်ထွက်လာသော ဆွေးနွေးချက်၊ အကြံပြုချက်၊ ပြန်ကြားချက်များတွင် အကောင်အထည် ဖော်သင့်ဖော်ထိုက်သည့် အချက် များကို အသေးစိတ်ထုတ်နုတ်၍ နိုင်ငံတော်သံဃမဟာနာယက တာဝန်ကျ အဖွဲ့ခွဲ အဆက်ဆက်က ဆက်လက်အကောင်အထည်ဖော်သွားကြပါရန် တိုက်တွန်း လျှောက်ထားပါသည်ဘုရား။ ဥပဏ္ဏမ္ဘကဒကာများကလည်း ဆရာတော်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် အသေးစိတ် ထုတ်နုတ်တင်ပြပေးကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည်။ သို့မှသာ စရိတ်စကများစွာ အကုန်အကျခံ၍ပင်ပန်းကြီးစွာ ကျင်းပပြုလုပ်ခဲ့ရသော သင်တန်းများ၊ ညှိနှိုင်းဆွေးနွေးပွဲများအကျိုးသက်ရောက်မည် ဖြစ်ပါသည်။ ဤကဲ့သို့သော သင်တန်းများ၊ ညှိနှိုင်းဆွေးနွေးပွဲများကို မကြာမကြာ ကျင်းပပေး နိုင်လျှင် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ဝိနည်းဓိုရ်ဆရာတော်များ အရည်အချင်းမြင့်မား၍ သာသနာရေး၊ ဝိနစ္ဆယရေး၊ ပညာရေး ဟူသော သာသနာတော် အရေးကိစ္စများကို ဆောင်ရွက်ကြရာ၌ စနစ်တကျ မှန်ကန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် လွန်စွာအကျိုးများလှပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော် ဆက်လက် လျှောက်ထား လိုသည်မှာ–

“ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ=ဝိနည်းမည်သည် ဘုရားရှင့် သာသနာတော်၏ အသက်၊ ဝိနည်း တည်လျှင် သာသနာတည်သည်” ဟူသော အဋ္ဌကထာ အဆိုအမိန့်ကို ဆရာတော်များ သိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ထို့အတူပင် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးနှင့် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အစည်းအဝေးကြီးများက အတည်ပြု ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ယင်းလုပ်ထုံးလုပ်နည်းများ၊ ဝိ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ၊ ညွှန်ကြားလွှာများ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အစည်းအဝေးများက သဘောတူပြဋ္ဌာန်း ထားသော ကတိကဝတ်စည်းမျဉ်းစည်းကမ်းများသည်လည်း တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ အသက်ပင်ဖြစ်ပါသည်။ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်တွင် ပါဝင်တော်မူကြသော ဆရာတော် အရှင်မြတ်တို့သည် ထိုသံစည်း+လုပ်ထုံးလုပ်နည်းများ၊ ဝိ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ၊ ညွှန်ကြားလွှာများနှင့် ကတိကဝတ်စည်းမျဉ်းစည်းကမ်းများကို လေးလေးစားစား တိတိကျကျ လိုက်နာကျင့်သုံးနေကြမှသာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အသက်ဝင်ပြီး တည်တံ့ခိုင်မြဲနေကြပါလိမ့်မည်။

ထိုသံစည်း+လုပ်ထုံးလုပ်နည်းများ၊ ဝိ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ၊ ညွှန်ကြားလွှာများနှင့် ကတိကဝတ်စည်းမျဉ်းစည်းကမ်းများကို လေးလေးစားစား တိတိကျကျ လိုက်နာကျင့်သုံးမှုမပြုကြဘဲ စည်းမျဉ်း စည်းကမ်းဖောက်ဖျက်မှု များလာလျှင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဟာ အရှိန်အဝါကျဆင်းပြီး လျော့ရဲရဲ ဖြစ်လာနိုင်ပါသည်ဘုရား။ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်မှုများလာသည့် အတိုင်းအတာအရ လျော့ရဲရဲဖြစ်ရုံမျှမက ပြိုကွဲပျက်စီးသည်အထိလည်း ဆိုက် ရောက်သွားနိုင်ပါသည်ဘုရား။ သို့ဖြစ်၍ စည်းမျဉ်းစည်းကမ်း ကတိကဝတ်များကို လေးလေးစားစား တိတိကျကျ လိုက်နာကျင့်သုံးတော်မူကြပါရန် လေးလေး နက်နက် တိုက်တွန်းပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ ဘုရား၊ဆရာတော်များ၊ တပည့်တော်များသည် ပုထုဇဉ်များ ဖြစ်ကြသည့်အလျောက်–

“ဘုန်းနှင့်သမ္ဘာ၊ ထက်ကြပ်ပါလည်း၊ ကြမ္မာဆောင်နှင်း၊ သတိယွင်းက၊ ခြသေ့်မင်းပင်၊ ဂူမမြင်တည်း”ဟူသော ရှေးပညာရှိတို့အဆိုအမိန့်”

“ဗုဒ္ဓါနံ ဝေ ကိရ နိစ္စံ ဥပဋ္ဌိတ သတိတာ၊ န ပစ္စေကဗုဒ္ဓါဒီနံ”ဟူသော မူလဋီကာ အဆိုအမိန့်များအတိုင်း တစ်ရံတစ်ခါ သတိလွတ်ကင်း၍ စည်းမျဉ်း စည်းကမ်းနှင့် မညီညွတ်သော ချွတ်ယွင်းမှုများကို ပြုလုပ်ပြောဆိုမိတတ်ကြ ပါသည်ဘုရား။ ထိုသို့ ပြုလုပ်ပြောဆိုမိကြသည့်အခါ မိမိတို့အဖွဲ့ဝင် အချင်းချင်း အပြုသဘောဖြင့် ထောက်ပြဝေဖန်၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးသင့် ပါသည် ဘုရား။

ဤသို့ချွတ်ယွင်းမှုကို အပြုသဘောဖြင့် ထောက်ပြဝေဖန်၍ အမှန်သို့ ရောက်အောင် ပြုပြင်ပေးသူကို အပြစ်မမြင် ကျေးဇူးတင်လျက်–

နိဓိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇ မာနဿ၊ သေယျော ဟောတိ န ပါပိယော။
(ဓမ္မပဒ–၂၄)

“အပြစ်ပြ၍ နှိပ်ကွပ်ဆုံးမသူ ပညာရှိကို ရွှေအိုး ငွေအိုး ရတနာအိုးကို ပြောကြားလာသူလို မှတ်ရမည်။ ထိုသို့သောပညာရှိကို ဆည်းကပ်ရမည်။ ထိုသို့သော ပညာရှိကို ဆည်းကပ်သူအတွက် အထူးသဖြင့် မြတ်၏။ ယုတ်ညံ့မှုမရှိနိုင်”ဟူသော မြတ်ဗုဒ္ဓ၏ ဩဝါဒကထာ ဒေသနာတော်အတိုင်း လိုက်နာကျင့်သုံးတော်မူကြပါဟု မေတ္တာပုဗ္ဗင်္ဂမ ဥယျောဇနစကား လျှောက်ထား လျက် တပည့်တော်၏ သမ္မောဒနီယ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ထေရ်အရှင်တို့ ဘုရား။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၇-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋက ကရေဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သစ္စာချစ်ပန်း”**(အပိုင်း–၉)
- ၁၄:၁၀ ၆။ ထူးချွန်မြန်မာအမျိုးသမီးများ
- ၁၄:၂၅ ၇။ “နိုင်ငံ့သားကောင်းဟူသည်” ဌေးဝင်း၊ မြင့်ဝေ၊ သန်းဝင်း၊ ကျော်ရှိန်၊ တင်တင်အိ၊ တင်မို့မို့အေး(ဒါရိုက်တာ–ဌေးဝင်း)
- ၁၄:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၄၀ ၈။ မြင်းခြံစိန်သန်းဌေး ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၁၇:၅၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၀၅ ၁၀။ မိုးလရာသီ ရောက်ခဲ့ပြီ မြေဆီစိုခိုက် သစ်ပင်စိုက်
- ၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းပွင့်”** (အပိုင်း–၂၉)
- ၁၉:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နှလုံးသားထဲက တစ်ခုတည်းသောအချစ်”**(အပိုင်း–၇)

ဇူလိုင် ၁၆ရက်က ဗိုလ်တထောင် အထက(၅) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးသက်နိုင်နှင့် ကျောင်းအကျိုးတော်ဆောင်များက ဆရာတော် သံဃာတော်များကို ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

အီရတ်သို့ တပ်ဖွဲ့ဝင်များ ထပ်မံ မစေလွှတ်ရေး

တောင်ကိုရီးယား အမျိုးသားလွှတ်တော်၌ အမတ်များ ထိုင်သပိတ်မှောက်

ဆိုးလ် ဇူလိုင် ၁၃

အီရတ်သို့တပ်ဖွဲ့ဝင်များ ထပ်မံ မစေလွှတ်ရေးကိစ္စကို ဆန့်ကျင်သော ဥပဒေမူကြမ်းအား လက်မှတ်ရေးထိုးခဲ့ကြသည့် အာဏာရနှင့် အတိုက်အခံပါတီများမှ အမတ်၂၀ခန့်သည် ၎င်းတို့၏ တောင်းဆိုချက်များအတွက် ဖိအားပေးရန် အမျိုးသားလွှတ်တော်တွင် အင်္ဂါနေ့ကစတင်၍ ထိုင်သပိတ်မှောက်ခဲ့ကြသည်။

ထိုအမတ်များက အဆိုပါဥပဒေမူကြမ်းကို မနက်ဖြန်တွင်ကျင်းပမည့် စုံညီအစည်းအဝေး၌ တင်ပြရန် လွှတ်တော်ဥက္ကဋ္ဌ ကင်မ်ဝေါင်ကီအား တိုက်တွန်းပြောဆိုခဲ့ကြသည်။

ဖိအားပေး

ထို့အပြင် ဥပဒေပြုအမတ်များက သမ္မတနိုမြူဟွန်းကိုလည်း ၎င်းတို့နှင့်တွေ့ဆုံရန် တောင်းဆိုခဲ့ကြသည်။ အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သော အီရတ်သို့ ရှေ့လအစောပိုင်းတွင် နောက်ထပ်တပ်ဖွဲ့ဝင် ၃၆၀၀စေလွှတ်မည့် အစီအစဉ်အား စွန့်လွှတ်ရန်အတွက် သမ္မတအား ဖိအားပေးရန်ဖြစ်သည်။

တပ်ဖွဲ့ဝင်များစေလွှတ်မှု ဆန့်ကျင်ရေးလှုပ်ရှားမှုသည် အမေရိကန်အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ၏ အစီရင်ခံစာထွက်ပေါ်ခဲ့ပြီးနောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အီရတ်ကိုစစ်ပွဲဆင်နွှဲရာတွင် ဘုရှ်အစိုးရအား သတင်းမှားများပေးခဲ့ကြောင်း အထက်လွှတ်တော် ထောက်လှမ်းရေး ကော်မတီက အစီရင်ခံဖော်ပြခဲ့သည်။

တောင်းဆို

အဆိုပါအစီရင်ခံစာကို တုံ့ပြန်ရာတွင် တောင်ကိုရီးယား ဥပဒေပြုအမတ်အချို့က စစ်ပွဲကို အမေရိကန်ရပ်တန့်လိုက်ရန်နှင့် ထိုအတွက် တောင်းပန်ရန် တောင်းဆိုခဲ့ကြသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ကင်းလှည့်ပျံသန်းနေသည်ကို ဇူလိုင် ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လေတပ် တပ်ဖွဲ့ဝင်တစ်ဦး

အီရတ်၌ဖြစ်ပွားသော တိုက်ပွဲအတွင်းသေဆုံးခဲ့

ဝါရှင်တန် ဇူလိုင် ၁၃

အီရတ်၌ စစ်ဘက်ဆိုင်ရာ သေဆုံးမှုသတင်းများကို ပင်တဂွန်က အင်္ဂါနေ့၌ ထုတ်ပြန်ကြေညာရာတွင် လွန်ခဲ့သည့်မတ်လမှစပြီး အီရတ်နိုင်ငံ၌ဖြစ်ပွားသော တိုက်ပွဲတွင် သေဆုံးသော လေတပ်တပ်ဖွဲ့ဝင်တစ်ဦးကို ပင်တဂွန်က ပထမဆုံး ဖော်ပြခဲ့သည်။

ကြေညာ

တပ်ကြပ်ဒတ်စတင် ဒဗလျူပီတာ (၂၅)နှစ်သည် ဘော်ဂျီမြို့အနီးရှိ အမေရိကန်အခြေစိုက်စခန်းအနီးတွင် ဇူလိုင် ၁၁ရက်၌ သေဆုံးခဲ့ကြောင်း ပင်တဂွန်က ကြေညာခဲ့သည်။

၎င်းသည် ရန်သူတိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သာပြောဆိုပြီး အခြားအသေးစိတ်ကို ပင်တဂွန်က ကြေညာခြင်း မရှိပေ။

အမေရိကန်လေတပ်သည် အီရတ်နိုင်ငံ၌ လေတပ်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ရာ လေးဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ငါးဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ပီတာမှာ အီရတ်နိုင်ငံကို အမေရိကန်တပ်ဖွဲ့ဝင်များ ပြီးခဲ့သည့်နှစ်၌ ကျူးကျော်ခဲ့ချိန်မှစပြီး ပဉ္စမမြောက်သေဆုံးသော လေတပ်တပ်ဖွဲ့ဝင်ဖြစ်သည်။

(အင်တာနက်)

ဇူလိုင် ၁၅ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၈၅ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၅

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လ ၂၀ရက်မှ စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

၂၀၀၄ ခုနှစ် ဇူလိုင် ၁၅ ရက် ကြာသပတေးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၈၅ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၅၃ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၃၂မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

သေဆုံး

ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၅၉ဦး၊ အီတလီ ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန် ခြောက်ဦးစီ၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၄၇ ဦးဖြစ်ပြီး ယင်းအနက် ၅၄၄ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၃ မှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

ဆန္ဒပြ

အီရတ်စစ်ပွဲမတိုင်မီကာလ ထောက်လှမ်းရေးသတင်းများ မှားယွင်းကြောင်း အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ရန် လော့ဒ်ဘတ္တလာနှင့်အဖွဲ့ရောက်ရှိလာချိန်တွင် ဗြိတိန်ဝန်ကြီးချုပ်ဘလဲ လိမ်ခဲ့သည်ဟူသော စာတန်းကိုင်ဆောင်ကာ ဆန္ဒပြနေသူများကို လန်ဒန်မြို့၌ ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တားမြစ်လက်နက်အီရတ်ပိုင်ဆိုင်ပြီး လုံခြုံရေးခြိမ်းခြောက်ဟုဆိုကာ

ကန်နှင့်ဗြိတိန်နှစ်နိုင်ငံက ကောက်ချက်ဆွဲပြီး အီရတ်ကိုတိုက်ခဲ့ခြင်းဖြစ်

လန်ဒန် ဇူလိုင် ၁၃

အီရတ်စစ်ပွဲမတိုင်မီ ထောက်လှမ်းရေးဆိုင်ရာ သတင်းများမှားယွင်းမှုနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဗြိတိန်အစိုးရနှစ်ဖွဲ့စလုံးသည် စုံစမ်းစစ်ဆေးမေးမြန်းမှုများနှင့် ရင်ဆိုင်ခဲ့သည်။

အီရတ်နိုင်ငံသည် တားမြစ်ထားသော လက်နက်များပိုင်ဆိုင်ပြီး လုံခြုံရေးကို ခြိမ်းခြောက်နိုင်သည့် နည်းဗျူဟာရှိသည်ဆိုသော တူညီသည့်ကောက်ချက်ဆွဲကာ အစိုးရနှစ်ဖွဲ့စလုံးက အီရတ်စစ်ပွဲ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

ယခုသီတင်းပတ်၌ နောက်ထပ် အီရတ်စစ်ပွဲဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်မည်ဖြစ်သည်။ ဗြိတိန်၌ အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုသုံးခုဆောင်ရွက်ခဲ့ရာတွင် ပါလီမန်စုံစမ်းစစ်ဆေးမှုနှစ်ခုနှင့် လက်နက်ကျွမ်းကျင်သူ ဒေါက်တာ ဒေးဗစ်ကယ်လီ သေဆုံးခဲ့မှုကိုစစ်ဆေးခဲ့သော လော့ဒ်ဟာတွန် စုံစမ်းစစ်ဆေးမှုတို့ ဖြစ်သည်။

အီရတ်စစ်ပွဲမတိုင်မီ ရရှိခဲ့သော ထောက်လှမ်းရေးသတင်းများ၏ ခိုင်မာမှုကို အဓိကထားစစ်ဆေးသည့် လော့ဒ်ဘတ္တလာ၏ စစ်ဆေးမှုအစီရင်ခံစာသည် ထောက်လှမ်းရေးအဖွဲ့အစည်းများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေလိမ့်မည်ဟု ဗြိတိန်နိုင်ငံ ထောက်လှမ်းရေးဌာနအကြီးအကဲက ပြောကြားခဲ့သည်။

ကျဆင်း

အဆိုပါလက်နက်များကို ယခုအချိန်အထိ ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း တိုနီဘလဲက လွန်ခဲ့သော သီတင်းပတ်၌ ဝန်ခံခဲ့သည်။ တိုနီဘလဲအပေါ် ပြည်သူများ၏ ယုံကြည်မှုသည် ကျဆင်းလျက်ရှိသည်။

(စီအင်န်အင်န်)

ဟွန်ဒါနှင့်ယာမာဟာ ကုမ္ပဏီများ အင်ဒိုနီးရှား၌ ရောင်းအားမြှင့်ရေးကြိုးပမ်း

ဂျကာတာ ဇူလိုင် ၁၄

ဟွန်ဒါနှင့် ယာမာဟာ မော်တော်ဆိုင်ကယ်ကုမ္ပဏီများသည် ဈေးကွက်တိုးတက်မှုနှင့် တစ်ပြေးညီစွာ ယခုနှစ်တွင် အင်ဒိုနီးရှား၌ ပိုမိုအရောင်းမြှင့်တက်ရေးအတွက် ကြိုးပမ်းလျက်ရှိကြသည်။ ပီတီယာမာဟာ ကင်ကာနာမော်တော် အင်ဒိုနီးရှား(ဝိုင်ကေအမ်အိုင်)သည် ယခုနှစ်ကုန်တွင် စီးရေ၈၇၀၀၀၀ တိုးမြှင့်ရောင်းချရန် သတ်မှတ်လျာထားကြောင်း၊ သို့မဟုတ် လွန်ခဲ့သည့် နှစ်နှင့်နှိုင်းစာလျှင် ၅၂ ဒသမ၆ ရာခိုင်နှုန်းတိုးမြှင့်ရန် သတ်မှတ်လျာထားကြောင်း ဘစ္စနစ်အင်ဒိုနီးရှားသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ထိုအတောအတွင်း ပီတီအက်စ်ထရာဟွန်ဒါမော်တော်ကုမ္ပဏီကလည်း ယခုနှစ်တွင် မော်တော်ဆိုင်ကယ်စီးရေ ၁၃သမ ၉သန်းထိ ၂၁ဒသမ၀၁ ရာခိုင်နှုန်း တိုးမြှင့်ရန်သတ်မှတ်လျာထားကြောင်း ကြေညာခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၆

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ဒညင်းပင်ကျောင်း၌ ဇူလိုင်၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက်တက်ရောက်လှူဒါန်းပူဇော်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို နာယက ဦးဘစော ဖုန်း-၆၈၀၇၂၃၊ ဥက္ကဋ္ဌ ဦးဘဝင်း ဖုန်း-၅၆၅၄၂၁၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း ဖုန်း-၃၁၁၀၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးတင်န ဖုန်း-၅၈၄၂၆၆နှင့်ဘဏ္ဍာရေးမှူး ဦးသံချောင်း ဖုန်း-၂၅၀၈၅၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

သာသနာရေးဆိုင်ရာများလျှောက်ထား

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဓမ္မကော ဒသမအစည်းအဝေး ပထမနေ့တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

☼ ကျောဖုံးမှ

သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးထမြောက်

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားတော်မူပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း လျှောက်ထားကြေညာတော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ၏ သမ္မောဒနီယသြဝါဒကထာကို သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရက ဖတ်ကြားတော်မူသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ယင်းနောက်သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက တင်သွင်းလျှောက်ထားတော်မူသည်။

ယင်းနောက် ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို နံနက် ၉နာရီခွဲတွင် ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးကိစ္စများကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဓမ္မကောဒသမ အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဓမ္မကောဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား အကြိုညှိနှိုင်းအစည်းအဝေး တတိယနေ့ ဇူလိုင် ၁၅ ရက်တွင် ကွယ်လွန်သူများဖြစ်ကြသော ဗိုလ်မှူးကြီးလှဘုန်းနှင့် ဒေါ်တင်တင်အား ရည်စူး၍ ကျန်ရစ်သူမိသားစု အမှတ် ၂ အနောက်မေခလမ်းသွယ် ၂ မရမ်းကုန်းမြို့နယ်တို့က လည်းကောင်း၊ (၄၇)ပါးစုံညီ အစည်းအဝေး ပထမနေ့ ဇူလိုင်၁၆ရက်တွင် ဒေါ်မြင့်မြင့်သိန်းနှင့် ဒေါ်ခင်ဝင်းမြင့် ညီအစ်မတစ်စု အမှတ်၂၆ မြစပယ်လမ်း ပါရမီရိပ်သာနှင့် အမှတ် ၂၅ ကမ္ဘောဇလမ်း ဗဟန်းမြို့နယ်တို့က လည်းကောင်း တစ်နေ့တာဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဇူလိုင်၁၅ရက်က ထိုင်းနိုင်ငံတွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ ပို့ဆောင်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

သမဝါယမဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပူဇော်

ရန်ကုန် ဇူလိုင် ၁၆

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်းတို့အား အမှူးထား၍ သမဝါယမဝန်ထမ်းမိသားစု၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇)မှ ဆရာတော်ဦးနန္ဒမာလာ အမှူးပြုသော သံဃာတော် ၁၁ ပါး ကြွရောက်တော်မူ၍ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဇနီးဒေါ်နီနီဝင်း၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းနှင့်ဗဟိုသမဝါယမအသင်း၊ အသင်းစုချုပ်များ၊ သမဝါယမဘဏ်၊ သမဝါယမအသင်းများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာဆရာတော် ဦးနန္ဒမာလာထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး**(ယာပုံ)**၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးခင်မောင်ဝင်းအား ဗီယက်နမ်အမျိုးသားပြည်သူ့လွှတ်တော်လူမှုရေးကော်မတီဥက္ကဋ္ဌတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းအား မြန်မာနိုင်ငံတွင် အလုပ်သဘောခရီးဖြင့် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးပဒေသရာဇာခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကြီးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဧည့်သည်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော် လူမှုရေးကော်မတီ ဥက္ကဋ္ဌမစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားရန်ကုန်မြို့ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။**(ဝဲပုံ) (သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မဟာအောင်မြေအားကစားကွင်းနှင့်ကျောက်ဆည်အားကစားကွင်းဖွင့်ပွဲတက်ရောက်အားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရပ်ကိုင်းအားကစားကွင်းဖွင့်ပွဲအခမ်းအနားတွင် အားကစားကွင်းအဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်း မုံရွာမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီခွဲတွင် အင်းဝတံတားသို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်အတူ မန္တလေးမြို့နှင့် ကန်တော်ကြီးပတ်လမ်းတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အားပေးချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နံနက် ၈နာရီခွဲတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရပ်ကိုင်းအားကစားကွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က မဟာအောင်မြေအားကစားကွင်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မဟာအောင်မြေအားကစားကွင်းအဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်က လက်ခံယူသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် နွယ်နွယ်ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်သက်လှိုင်က အားကစားကွင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အားကစားနှင့်ကာယပညာဦးစီးဌာန(မန္တလေးတိုင်း)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မန္တလေးမြို့အားကစားနှင့်ကာယပညာဦးစီးဌာနမှ အား/ကာ သိပ္ပံအသင်းနှင့် လေ့ကျင့်ရေးအသင်းတို့ ဘောလုံးသရုပ်ပြယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့မှ မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာကြပြီး ကျောက်ဆည်မြို့သို့ရောက်ရှိလာကာမြို့နယ်အားကစားကွင်းမုခ်ဦးဆိုင်းဘုတ်နှင့် မိုးလုံလေလုံအားကစားခန်းမဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့အားကစားကွင်းမုခ်ဦးဆိုင်းဘုတ်နှင့်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

အားကစားပစ္စည်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျောက်ဆည်ခရိုင်အတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောက်ဆည်ခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက လက်ခံယူသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများနှင့် ဒေသခံ အားကစားသမားများက အားကစားနည်း

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မိုးလုံလေလုံအားကစားခန်းမကို တွေ့ရစဉ်။ (သတင်းစဉ်)

အားကစားသမား ၁၄ဦးတို့က မြန်မာ့သိုင်းစွမ်းရည်ကိုလည်းကောင်းအသီးသီး သရုပ်ပြ ယှဉ်ပြိုင် တင်ဆက်ကြသည်။

ထို့နောက် မြန်မာ့လက်ရွေးစင်လူကြီး ဘော်လီဘောအသင်းနှင့် လူငယ် ဘော်လီဘောအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့သည် ကျောက်ဆည်မြို့ ဘောလုံးကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် ကျောက်ဆည်မြို့ မိုးလုံလေလုံအားကစားခန်းမသည် အလျားပေ ၁၂၀ ၊ အနံ ၈၈ ပေ၊ အမြင့် ၃၆ ပေ ၁၁ လက်မဖြစ်သည်။ ပရိသတ် ၁၀၀၀ ဆံ့ဝင်ပြီး ဘော်လီဘော၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ လက်ဝှေ့၊ မြန်မာ့ရိုးရာလက်ဝှေ့၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ သိုင်း၊ ကာယဗလနှင့် ဘတ်စကတ်ဘော အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာအဆင့်

ဘောလုံးအားကစားကွင်းမှာလည်း အလျား ၃၄၅ ပေ၊ အနံ ၂၂၅ ပေ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းဖြစ်ပြီး မီတာ ၄၀၀ အရှည်၊ လေးပေ အကျယ်ပြေးလမ်း ရှစ်လမ်း ပါဝင်သည်။

ထို့အပြင် အလျား ၁၈ ပေ၊ အမြင့် ရှစ်ပေရှိ Score Board တစ်ခုနှင့် အလျား ၇၁ ပေ၊ အနံ ၂၃ ပေရှိ အထူးတန်းပွဲကြည့်စင်၊ မြောက်ဘက်တန်း၌ အလျား ၇၂ ပေx၂၃ ပေ ပွဲကြည့်စင်နှစ်ခု၊ အရှေ့ဘက်တန်းတွင် အလျားပေ ၆၀၊ အနံ ၂၃ ပေ ပွဲကြည့်စင် လေးခု၊ တောင်ဘက်တွင် အလျား ၇၂ပေ၊ အနံ ၂၃ပေ၊ ပွဲကြည့်စင် နှစ်ခုပါဝင်ကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ကျောက်ဆည်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ရေဖြန့်ဝေမှုလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ပံ့ပိုးဖြည့်ဆည်း

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်ခွဲခန်းများအတွင်း စက်ပစ္စည်းတပ်ဆင်ထားမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။**(သတင်းစဉ်)**

အခမ်းအနား အစီအစဉ်အရ ဒုတိယပိုင်းကို အားကစားကွင်းအတွင်း အထူးတန်းစင်မြင့်ရှေ့၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က မန္တလေးမြို့ပေါ်ငါးမြို့နယ်အတွက် အားကစားပစ္စည်းများကိုထောက်ပံ့ပေးရာခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်

မိုးလုံလေလုံအားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကိုမန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိုးလုံလေလုံ အားကစားခန်းမ ကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အမျိုးမျိုးအား သရုပ်ပြတင်ဆက်ကြရာ ရှေးဦးစွာ မန္တလေးမြို့ အထက (၁၄)မှ တိုင်းလက်ရွေးစင် ကျောင်းသူ ၁၆ ဦးတို့က အေရိုးဗစ်အကဖြင့်လည်းကောင်း၊ မန္တလေးတိုင်းလက်ရွေးစင်ကျောင်းသား ကျောင်းသူလေးများက ဂူရှူးအားကစားနည်းကို သရုပ်ပြသ၍လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ရွေးချယ်ခံခဲ့ကြရသည့် မန္တလေးတိုင်းလက်ရွေးစင်အားကစားသမား ၁၆ ဦးတို့က ကရာတေးဒို သရုပ်ပြ အစီအစဉ်ဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် မျိုးဆက်သစ်

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံကို မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) လမ်း(၇၀)နှင့် (၃၁)လမ်းထောင့် ရန်မျိုးလုံရပ် ချမ်းအေးသာဇံမြို့နယ် မန္တလေးမြို့၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ စာတမ်းတင်သွင်းဖတ်ကြားလိုသူများသည် စာတမ်းများကို အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပညာရေးရာကော်မတီ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သို့ လည်းကောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း ပေးပို့နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Actionစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)အကြောင်း သိကောင်းစရာများကို အပတ်စဉ်စနေနေ့ နံနက် ၉နာရီ ၄၅မိနစ်တွင် အသံလွှင့်လျက်ရှိသည်။ လစဉ်ပြုလုပ်လျက်ရှိသော ASEAN Radio Quizပြိုင်ပွဲများမှ ဇူလိုင်လအတွက်ပြိုင်ပွဲကို ဩဂုတ် ၃ ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ပြုလုပ်မည်ဖြစ်၍ ဖြေဆိုလိုသူများသည် နံနက် ၉နာရီခွဲအရောက် မြန်မာ့အသံသို့ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို ပညာအရည်အချင်း၊ အသက်အရွယ် ကန့်သတ်ချက်မရှိ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် ထိုက်တန်သောဆုကြေးနှင့် စရိတ်များ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၆ ရက်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာရက်တိုသင်တန်း အမှတ်စဉ် (၃/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

ကူးလူးယှက်နွယ် ချိတ်ကြိုးသွယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ဖောက်လုပ်လျက်ရှိသည့် ဝက်ဝံ-တောင်ခမ်းလမ်းသစ်သည် ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ဤသို့ ဖောက်လုပ်ပေးထားခြင်းဖြစ်သည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ကျေးလက်ဒေသသွားလာမှုလွယ်ကူစေရေးအတွက် ဖောက်လုပ်ထားသော မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာ ကျေးလက်လမ်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ကျေးရွာချင်းဆက်လမ်း

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့ အောက်ရေကံကုန်း-လိမ်ပင် ကျေးရွာချင်းဆက်လမ်း မြေသားဖို့၊ ဂဝံခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့က ဤသို့ ဆောင်ရွက်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပြည်သူ့ပန်းခြံ အဝင်လမ်း

မကွေးတိုင်း မင်းဘူးမြို့နယ် သာယာလှပရေးအတွက်အဆင့်မြင့် မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့က ပြည်သူ့ ပန်းခြံ အဝင်လမ်းကို ဤသို့ ဖောက်လုပ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကံကြီး-တယ်ပင်ကျောလမ်း (ကျေးလက်) ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကမာရွတ် မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Lab Room, Language Lab Room, Computer Aided Instruction Room, Electronic Media (Video) Room, Study Room (Audio/ Reading)နှင့် အိမ်တွင်းမှုပန်းချီရသခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား နှုတ်ဆက်အားပေးကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် မာလ်တီမီဒီယာစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဂီတရသခန်း၌ ဖွင့်ပွဲအစီအစဉ်များကိုကျင်းပရာ ကျောင်းသားကျောင်းသူများက ပြည်ထောင်စုတေးသရုပ်ဖော်နှင့် ဦးရွှေရိုး-ဒေါ်မိုးအကတို့ ဖြင့်ဖျော်ဖြေကြသည်။

အစဉ်အလာကောင်းရှိ

ယင်းနောက် အတွင်းရေးမှူး(၁)က အမှာစကားပြောကြားရာတွင် ဆရာ ဆရာမများနှင့် မိဘများ၏ သွန်သင်ဆုံးမပဲ့ပြင်မှု၊ ကျောင်းသားကျောင်းသူများ ကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ ပင်ကိုအရည်အသွေးကောင်းမွန်မှုတို့အပေါ် အခြေပြု၍ အခြေခံပညာကျောင်းများမှတစ်ဆင့် တိုင်းပြည်အတွက် အားထားရမည့် လူရည်ချွန် လူရည်မွန်များထွက်ပေါ်လာနိုင်ကြောင်း၊ ထွက်ပေါ်လာသည့် အစဉ်အလာကောင်းများလည်းရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရည်မြင့်မားတိုးတက်ရေးစီမံကိန်းများဖြင့် အခြေခံပညာကဏ္ဍရော၊ အဆင့်မြင့်ပညာကဏ္ဍပါ တိုးတက်မြင့်မားလာအောင်၊ ထူးချွန်ထက်မြက်သည့် ပညာတတ်များပေါ်ထွက်လာအောင် ကြိုးပမ်းစီမံပေးလျက်ရှိကြောင်း။

သက်ဆိုင်ရာမိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ပြည့်စုံအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးစီမံချက်ကိုလည်း ရာနှုန်းပြည့်နီးပါးခန့် ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်ပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် တိုင်းပြည်၌ ပညာတတ်မြောက်ရေး၏ အခြေခံကောင်းများကို ထူထောင်မြှင့်တင်နိုင်ပြီဟု ဆိုနိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဘက်စုံထောင့်စုံ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်သော အခြေခံများကို တစ်ပြိုင်တည်း တည်ဆောက်ထူထောင်နေရကြောင်း။

အပတ်တကုတ်ကြိုးပမ်း

ရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး၏ လူနေမှုဘဝပြည့်စုံလုံခြုံအောင်၊ နိုင်ငံတော်ကြီး အခွန့်ရှည် တည်တံ့အောင် အပတ်တကုတ်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

ယင်းသို့ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုအောက်တွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ နိုင်ငံ့ဝန်ထမ်း

များ၏ ကြိုးကြိုးစားစားအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကြီးတစ်ရပ်လုံးသည် ဆက်တိုက်ဖွံ့ဖြိုးတိုးတက်လာမည့် အခွင့်အလမ်းကောင်းများကို တွေ့ရှိနေကြရပြီဖြစ်ကြောင်း။

ပူးပေါင်းတာဝန်ယူ

ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ်ကို မှန်ကန်သည့် မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်တည်ဆောက်အကောင်အထည်ဖော်ရာ၌ မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းတာဝန်ယူ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ မွန်မြတ်သောလုပ်ငန်းတာဝန်သဘာဝကို ဂုဏ်ယူစွာနားလည်ခံယူပြီး ကျောင်းသားကျောင်းသူများအား စာပေပညာ အမှန်တကယ်တတ်မြောက်ရုံသာမက အနာဂတ်နိုင်ငံတော်အတွက် အားကိုးရမည့် ဘက်စုံထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် ပြုစုပျိုးထောင်သင်ကြားပေးသွားကြရန်လိုကြောင်း။

ကျောင်း၌ တပ်ဆင်ထားသည့် သင်ထောက်ကူပစ္စည်းများကို အပြည့်အဝထိထိရောက်ရောက် အသုံးပြုသင်ကြား၊ သင်ယူသွားနိုင်ကြရန် အရေးကြီးကြောင်း။

လေ့ကျင့်သင်ကြား

အပြိုင်အဆိုင် ကြိုးစားသင်ယူနေကြသည့် ပညာ့ခေတ်တွင် နိုင်ငံတော်၏ အနာဂတ်ကို ဆက်လက်သယ်ပိုးတည်ဆောက်သွားမည့် လူငယ်လူရွယ်ထူးချွန်သူများဖြစ်အောင်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားသွားကြရန် တိုက်တွန်းကြောင်းဖြင့်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကျောင်းအတွက် ကွန်ပျူတာများ၊ ကျောင်းရန်ပုံငွေများကို ဝန်ကြီး ဦးသန်းအောင်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဗိုစောက မာလ်တီမီဒီယာစာသင်ခန်းများဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာကြီးဦးစိန်မြင့်က မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)သည် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

အလိုတော်ပြည့်ကျောင်းတိုက် ရှစ်ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကလေးရပ်ကွက်ရှိ အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၏ ရှစ်ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်) ဇူလိုင် ၂၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ရပ်ဝေး ရပ်နီးရှိ တပည့်ဒါယကာ ဒါယိကာမများအား အသိပေးဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

အလုံလမ်းဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း အလုံမြို့နယ် အလုံလမ်းဓမ္မာရုံတွင် သံဃာတော် အရှင်သူမြတ်အပါး ၂၀၀ကျော်တို့အား ဇူလိုင် ၃၁ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် အဆိုပါ ဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအတွက် ကွန်ပျူတာများနှင့် ကျောင်းရန်ပုံငွေများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်တွင်မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

ရန်ကုန် ဇူလိုင် ၁၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ကယားပြည်နယ်တို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်အရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေကြောင်းသိရသည်။

ဇူလိုင်၁၇ ရက်ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာကွက်ကျားနှင့် မန္တလေးတိုင်း၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်ရှိပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ဇူလိုင် ၁၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၅-၇-၂၀၀၆

မောင်တောမြို့	၃ ဒသမ ၂၃	လက်မ
ဇောင်းတူမြို့	၂ ဒသမ ၉၅	လက်မ
ကျောက်တော်မြို့	၂ ဒသမ ၄၄	လက်မ
စစ်တွေမြို့	၂ ဒသမ ၀၅	လက်မ

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၆-၇-၂၀၀၆

ကမ္ဘာအေး	၀ ဒသမ ၂၈	လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၀၈	လက်မ

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာအာမက် အာဘူ အယ်(လ်)ဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ဟောပြော

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် တက်ရောက်၍ ရှင်းလင်းဆွေးနွေးသည်။ (အောက်ပုံ)

တက်ရောက်

ဟောပြောပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ ဒေါ်စန်းရွှေနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည် နေရာချထားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်အေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၏ဇနီး ဒေါ်မွေးမွေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများမှ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများ စုစုပေါင်း ၃၅၀ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပေါ်ပေါက်လာပုံနှင့်နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ရည်ရွယ်ချက်(၇)ချက်၊ဖွဲ့စည်းပုံအဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့၏လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ကဏ္ဍ(၅)ရပ်ခွဲ၍ ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့"ဟူသောဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်အေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွက် ဝန်ကြီးဌာနမှလှူဒါန်းငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးသက်ထံသို့ ပေးအပ်ပြီး ဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ရွှေတောင်မြို့နယ်တွင် သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၆

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် ပြည်ခရိုင် ရွှေတောင်မြို့နယ် ဇယ်မအုပ်စု စိုက်ပျိုးရေးရွာသစ်အနီး ပဲခူးမျှော်ဘုရားတောင်ကုန်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ရွှေတောင်မြို့နယ် ဦးစီးအရာရှိ ဦးတင်အောင်နှင့် သစ်တောဝန်ထမ်းများနှင့် ဇယ်မ ကျေးရွာပြည်သူ ၈၃၅ ဦးတို့သည် ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ သစ်ဆိမ့် စသည့် အပင် ၄၀၅၈ ပင်ကို စုပေါင်း စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိပဿနာသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ ရွှေတိဂုံအရှေ့မုခ်ကြားတောရလမ်းရှိ ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်တွင် ဩဂုတ် ၈ ရက်မှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှ ၃နာရီအထိ ရဟန်းတော်များ ဝိပဿနာသင်တန်းဖွင့်လှစ် ပို့ချမည်ဖြစ်ရာ ပထမလတ်တန်းအောင် လက်မှတ် မိတ္တူ၊သာသနာဝင်မှတ်တမ်း၊ ရပ်ကွက်သံဃနာယကအဖွဲ့ ထောက်ခံစာ၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံတို့နှင့် အတူ ဩဂုတ် ၂ ရက်မှစ၍ လျှောက်ထားနိုင်သည်ဟု သိရသည်။**(က-ပ)**

စဥ္စလာကြီးမား မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုသည့် ထုတိသြဘာ

မင်္ဂလာ ကေပိုဒ်ရတု

မြန်မာအမျိုးသမီး၊ စဥ္စလာကြီးသား
ရိုပ်ထီးတန်ဆောင်၊ ဤလူ့ဘောင်ဝယ်
စွမ်းဆောင်နိုင်သူ၊ တံခွန်ထူရှင့်
ဇမ္ဗူတစ်လွှား၊ ဣတ္ထိယများသည်
ကြီးမားဂုဏ်ရှင်၊ **မွေးမိခင်**ဟု
ဂိုဏ်းဝင်အနန္တ၊ ဦးညွှတ်ကြလျက်
ဦးချရိုသေ၊ ဂုဏ်တင်ပေရှင့်
မွေးမေကျေးဇူး၊ အထူးထူးကို
ကြည်နူးဝမ်းသာ၊ ဤလူ့ရွာဝယ်
ရေးရာကော်မတီ၊ ဘွဲ့ထူးချီ၍
ဦးတည်စွမ်းပြ၊ ခန်းကဏ္ဍဖြင့်
မြန်မာ့အမြုတေ၊ သာကီဆွေဟု
လုံမေအားလုံး၊ ပေါင်းစုရုံးလျက်
ဆုံးရှုံးမှုကင်း၊ ဘေးရန်ရှင်း၍
ဖြည့်တင်းဥစ္စာ၊ မြတ်ပညာနှင့်
ကျန်းမာယဉ်ကျေး၊ ပညာပေးခဲ့
ဆွေးနွေးရှက်ဆောင်၊ မြန်ပြည်ဘောင်ဝယ်
ထူထောင်ဖွံ့ဖြိုး၊ ဘက်စုံတိုးရန်
အမျိုးသမီး၊ အောင်ကမ္ပည်းနှင့်
ကြီးမြင့်ဂုဏ်ရည်၊ ကမ္ဘာတည်လျက်
စောင့်ပြီမျိုးနွယ်၊ အန္တရာယ်ကို
ကာကွယ်ဖယ်ရှား၊ **မျိုးမာန်အားနှင့်**
မျိုးသားစိတ်ဓာတ်၊ လွန်မြင့်မြတ်လျက်
ဂုဏ်ဒြပ်ထွန်းပြောင်၊ **လှတန်ဆောင်ရှင့်**
အောင်စည်ဆော်ရွမ်း၊ အောင်မော်ကွန်းနှင့်
စွမ်းပြနိုင်ပြီ၊ **ကုမ္မာရီတို့**
မြန်ပြည်သတင်း၊ ထိန်ထိန်လင်း၍
ပျံ့သင်းသြဘာ၊ **မျိုးမြန်မာဟု**
ကမ္ဘာတစ်ဝန်း၊ အောင်စည်ရွမ်းလျက်
ဖော်ညွှန်းဂုဏ်ဝါ၊ ဂုဏ်ပြုပါသည်
မြန်မာမျိုးဂုဏ် မြင့်စေသောဝ်
သမ္ဗာတိုးကုန် တင့်စေသောဝ်
မာလမျိုးစုံပွင့်စေသောဝ်။ ။

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၄)

ဒီကနေ့ ပြည်တွင်းပြည်ပ အင်အားစုအချို့ဟာ မြန်မာနိုင်ငံမှာ အမျိုးသားသင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေး အမြန်ဆုံးကြိုးပမ်းသွားဖို့ တောင်းဆိုအကျပ်ကိုင်ဖိအားပေးနေပါတယ်။ ဒါဟာ အကျိုးဆက်ကို ကုစားနည်းသာဖြစ်ပါတယ်။ အကြောင်းရင်း ဇာစ်မြစ်ကို ကုစားနည်းမဟုတ်ပါ။ ဥပမာအားဖြင့် ငှက်ဖျားရောဂါနဲ့ ယှဉ်တွဲပြီး ခေါင်းကိုက်မူးဝေမှု၊ အဖျားတက်မှု၊ အစားအသောက်ပျက်မှုတွေရှိပါတယ်။ အဲဒီလိုယှဉ်တွဲဖြစ်ပေါ်နေတဲ့ (Side Effects) အကျိုးဆက်တွေကို ကုစားနေရင် ရောဂါမပျောက်နိုင်ပါ။ (Symbtomatic Treatments) ပင်မငှက်ဖျားရောဂါကိုသာ တိုက်ဖျက်ရပါမယ်။ (Specific Treatment) ဒါမှသာ ရောဂါပျောက်မယ်ဖြစ်ပါတယ်။

ဒီကနေ့ အရွေးချယ်ခံထားရသူအချို့နဲ့ ကျောင်းသားလူငယ်အချို့ဟာ ပြည်ပထွက်ပြီး ဒီမိုကရေစီကို အကြမ်းနည်းနဲ့ ထူထောင်ဖို့ ကြိုးပမ်းနေပါတယ်။ အချို့လဲ ပြည်ပအားကိုးနဲ့ ထူထောင်ဖို့ ကြိုးပမ်းနေပါတယ်။ ဥပဒေတွင်းအနုနည်းနဲ့ ဒီမိုကရေစီထူထောင်သွားမယ်ဆိုတဲ့ အင်အားစုတွေကလဲ သင့်မြတ်စည်းလုံးရေးထက် ဆက်လက်တိုက်ပွဲဝင်ရေးလမ်းကို ကျင့်သုံးနေပါတယ်။ ဒီအင်အားစုတွေရဲ့ တူညီတဲ့အသွင်တစ်ရပ်ကတော့ တပ်မတော်အစိုးရနဲ့ မစေ့စပ်ရေး လမ်းပင်ဖြစ်ပါတယ်။ အခုလို တပ်မတော်အစိုးရ အပါအဝင် အမျိုးသားရေးအင်အားစုအားလုံး ဒီမိုကရေစီထူထောင်ရေး ဦးတည်ချက်တူပေမယ့် ဘာကြောင့် မစေ့စပ်ရေးလမ်းကို ရွေးချယ်နေရပါသလဲ။ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ဖို့ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇) ရပ်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပါရက်နဲ့ ဘာကြောင့် မစေ့စပ်ရေးလမ်းကို ရွေးနေပါသလဲဆိုတဲ့ အကြောင်းရင်းဇာစ်မြစ်ကို လေးနက်စွာ အဖြေရှာ ဆန်းစစ်သွားဖို့ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းတွင် ပေါ်ပေါက်လာတဲ့ လူထုလှုပ်ရှားမှုကို ဦးဆောင်မှုရယူလာတဲ့ အင်အားစုတွေဟာ များသောအားဖြင့် ရှေ့နေ၊ ဆရာဝန်၊ အနုပညာရှင် စတဲ့ တတ်သိပညာရှင်၊ ခေနရှင်ပေါက်စ လူလတ်တန်းစားများသာ ဖြစ်ပါတယ်။ အနောက်ဥရောပမှာ ပေါ်ပေါက်ခဲ့တဲ့ ဂန္ထဝင်အရင်းရှင်တော်လှန်ရေးများမှာလို တကယ်သစ်စ အရင်းရှင်လူတန်းစားတွေရဲ့ အမာခံပြုမှုမရှိခဲ့ဘူး။ ဒါ့အပြင် ခေတ်မမီသေးတဲ့ လူ့အဖွဲ့အစည်းတွေမှာ ကိန်းအောင်းဖြစ်ပေါ်လေ့ရှိတဲ့ လူမှုပြဿနာများကို တစ်မဟုတ်ချင်း အံ့ဖွယ်သူရဲဖြေရှင်းဖန်တီးရှင် လူစွမ်းကောင်းမင်းလောင်းမျှော် အယူအဆတွေလည်း ထွက်ပေါ်လာခဲ့ကြပါတယ်။

ဒါကြောင့် ၁၉၈၈–၈၉ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ မြန်မာနဲ့ အရှေ့ဥရောပနိုင်ငံတွေမှာ ပြုပြင်ပြောင်းလဲရေး ဝိသေသလက္ခဏာသုံးရပ် တွေ့ရပါတယ်။

၁။ အတိတ်ကဥရောပ ဂန္ထဝင်အရင်းရှင်တော်လှန်ရေးများမှာလို အုပ်စိုးသူလူတန်းစားဟောင်းများရဲ့ ပြင်းထန်တဲ့ခုခံဆန့်ကျင်မှုမရှိဘူး။ အဲဒီတုန်းက တည်ဆဲအုပ်ချုပ်သူများကိုယ်တိုင် ပြုပြင်ပြောင်းလဲရေးကို လိုလားလက်ခံချိန်မျိုး ဖြစ်ပါတယ်။

၂။ အတိတ်က ဂန္ထဝင်အရင်းရှင် ဒီမိုကရေစီတော်လှန်ရေးမျိုးနဲ့ အတူပဲ ခေနရှင်ပေါက်စ လူလတ်တန်းစားများ ဦးဆောင်မှုနဲ့ ပေါ်ပေါက်လာတာဖြစ်တယ်။

၃။ ခေတ်မမီသေးတဲ့ မြေယာလူ့အဖွဲ့အစည်းရဲ့ မိရိုးဖလာယုံကြည်ကိုးကွယ်မှုဖြစ်တဲ့ လူစွမ်းကောင်းမင်းလောင်းမျှော် စိတ်ဓာတ်တွေ လွှမ်းမိုးခဲ့တယ်။

အဲဒီလို အရေးအခင်းကြီးမှာ ဦးဆောင်မှုရယူလှုပ်ရှားခဲ့တဲ့ ခေနရှင်ပေါက်စ လူလတ်တန်းစားတွေဟာ များသောအားဖြင့် နိုင်ငံရေးပါတီ အသီးသီးတို့မှာ ပါဝင်လှုပ်ရှားလာခဲ့ကြပါတယ်။ အဲဒီခေနရှင်ပေါက်စ ပညာတတ် လူလတ်တန်းစားများရဲ့ သဘောသဘာဝအပေါ် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒပညာရှင်ကြီးများက သူတို့ဟာ တိကျတဲ့ ကုန်ထုတ်လုပ်ရေးနယ်ပယ်ကို ကိုယ်စားပြုသူမဟုတ်၊ အရင်းရှင်လူတန်းစားဘက်သို့ ကူးပြောင်းတက်လှမ်းနိုင်သလို အလုပ်သမားလူတန်းစားဘက်သို့ လျှော့ကျနိုင်တဲ့အနေအထားမှာ အမြဲရှိနေတယ်။ မခိုင်မာတဲ့ လူတန်းစားသာ ဖြစ်တယ်။ (Transitional Class) ဒီလူတန်းစားတွေရဲ့ တွေးခေါ်ဆောင်ရွက်မှုတွေဟာ တည်ကြည်ပြတ်သားစွာ ဆုံးခန်းတိုင် ဆင်နွှဲမှုမျိုးမရှိဘူး။ အပြောင်းအလဲ မြန်ဆန်တယ်။ အစွန်းနှစ်ဖက်ကို ကူးနေတတ်တယ်လို့ ဆိုထားပါတယ်။

ဒီကနေ့တိုင် အဲဒီလိုခေနရှင်ပေါက်စ လူတန်းစားလွှမ်းမိုးတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းများဟာ သင့်မြတ်ရေးဘက်ကိုရောက်လိုက်၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးဘက်ကို ရောက်လိုက်နဲ့ မတည်မငြိမ် အချိန်တွေသာ ကြာလာခဲ့ပါတယ်။ ဒီနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေအနေနဲ့ အစကတည်းကသာ တပ်မတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်ဆိုရင် မြန်မာနိုင်ငံဟာ ဒီကနေ့ အာဆီယံနဲ့ တောင်ကိုရီးယားတို့ လျှောက်လှမ်းလာခဲ့ရတဲ့ ခရီးထက် ဒီမိုကရေစီထူထောင်ရာတွင် ပိုမို တိုတောင်းလျင်မြန်လာစရာရှိပါတယ်။ အခုတော့ ဒီပါတီအဖွဲ့အစည်းများရဲ့ စိတ်ကူးယဉ် ဒီမိုကရေစီ အယူအဆ အတွေးအခေါ်တွေဟာ အမျိုးသားသင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးအတွက် အတားအဆီးသဖွယ် ဖြစ်နေပါတယ်။

ဒါပေမယ့် အစွဲအလမ်းရှိသူနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုမိုနီးစပ်ပါသေးတယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ ဒီကနေ့ ပြောင်းလဲတိုးတက်လာတဲ့ စျေးကွက်စီးပွားရေးကို ခံစားလာကြတဲ့ လူထုအလွှာတွေက ဒီမိုကရေစီအင်အားစုရယ်လို့ ခံယူထားသူတွေထက်ပင် ဓမ္မဓိဋ္ဌာန်ကျစွာပါဝင်ဆောင်ရွက်လာပါတယ်။ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးရဲ့ အမာခံအင်အားစုများအဖြစ် ရပ်တည်လာနေကြပါတယ်။

ဒါကြောင့် အရှင်နန္ဒဝံသ (မဟာဝိဇ္ဇာ)ရေးတဲ့ သိပ္ပံဒဿန မြတ်ဗုဒ္ဓစာအုပ်မှာ ပုဂ္ဂလိက အစွဲနဲ့ ဓမ္မဓိဋ္ဌာန်တို့ ခြားနားမှုကို စဉ်းစားခြင်းနဲ့ သံသယဖြစ်ခြင်း ခေါင်းစဉ်နဲ့ အခုလို ဖတ်ရှုခဲ့ရပါတယ်။

"စဉ်းစားခြင်းသည် အမြော်အမြင်ရှိသူတို့၏ တာဝန်သိသိလုပ်ဆောင်အပ်သော လုပ်ငန်းဆောင်တာအမျိုးအစားပင်ဖြစ်သည်။ သံသယဖြစ်ခြင်းမှာ အမြင်ကျဉ်းမြောင်းသူ၏ ခေါင်းမာမှုပင်ဖြစ်သည်။ ထိုသူသည် အတ္တကမ္ဘာကို ရိုက်ချိုးဖျက်ဆီးရန် ပျင်းရိနေသော ပုဂ္ဂိုလ်အမျိုးအစားဖြစ်လျက် ကျဉ်းမြောင်းသော အတ္တကမ္ဘာ ငါသညာမှ ကျယ်ပြောလွတ်မြောက်မှန်ကန်ရာ အသိပညာနယ်ကမ္ဘာဆီသို့ ထိုးဖောက်ထူးချွန်စွာ မရောက်ရှိနိုင်ဘဲ ကုတ်ကတ်ပိတ်ဆို့ထားခြင်းခံနေ ရသူသာဖြစ်သည်။ ထို့ကြောင့် စဉ်းစားဆင်ခြင်ခြင်းသည် သံသယဖြစ်ခြင်း

အောင်မိုးစံ

နှင့် လုံးဝ ကွဲပြားခြားနားနေသည်။ စဉ်းစားဆင်ခြင်ခြင်းတွင် ပြဿနာနှင့်ရလဒ်အဖြေ၏ စပ်ကြား၌ ပြဿနာမှစ၍ အဖြေအဆုံးအထိ ကြောင်းကျိုးမြော်မြင်သုံးသပ်ဆင်ခြင် အပ်သော စွမ်းရည်များပါဝင်သည်။ တစ်နည်းအားဖြင့် စဉ်းစားသည်ဆိုတိုင်း ပြဿနာမှအစပြုကြသည်။ ထို့နောက် အဖြေနိဂုံးတွင် အဆုံးသတ်လေ့ရှိသည်။

စဉ်းစားသည်ဆိုရာတွင် သိရာမှ အစပြု၍ မသိရာများကို သိလာရအောင် မြော်မြင်ဆင်ခြင် တွက်ဆခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မသိသည်ကို သိရအောင် ကြံဆောင်နိုင်ခြင်းစွမ်းရည် သဘောကို ပိုင်ဆိုင်ရသည်။ သိခြင်းမှ မသိခြင်းသဘောကို သိရအောင် အသိသဘောတို့၏ ကူးလူးဆက်ဆံ ဆက်စပ်ကျယ်ပြန့်နက်ရှိုင်း တိုးတက်စေခြင်းပင်ဖြစ်သည်။ မစဉ်းမစားနေခြင်း၌ အာရုံ၏ ကျေးကျွန်အဖြစ် မေ့မျောကာ မပီပြတ်သား ဝိုးတဝါး မှေးမှိန်လျက် မောဟ အဝိဇ္ဇာ၏ အညှိုးခံ သားကောင်းသဖွယ် မတင့်မတယ်ဖြစ်နေရသည်။ စဉ်းစားဆင်ခြင်သောအခါ အာရုံတစ်ပါး၏ စေစားရာကို နဖားကြိုး အတင်မခံ ဝေဖန်ပိုင်းဖြတ် အကြံဉာဏ်ထုတ်လျက် ဟုတ်မှန်ရာကို ထိုးထွင်းသိမြင်လာစေနိုင်သည်။ အမှောင်ခွင်း၍ အလင်းကိုဆောင်စေနိုင်သည်။ သိမြင်ပွင့်လင်းခြင်းဖြင့် မေ့မျောပိတ်ဆို့ မှောင်မည်းခြင်းမှ လွတ်မြောက်ထွန်းလင်းလာနိုင်သည်။

စဉ်းစားခြင်းသည် ဉာဏ်၏အလုပ်ဖြစ်သည်။ တွေဝေမေ့မျော အသိဉာဏ်မရှင်သန်စေခြင်းသည် စဉ်းစားခြင်းကို တုံ့နှေးတွန့်ဆုတ် မှေးမှိန်သေးသိမ်စေသည်။ စဉ်းစားဆင်ခြင်ရာ၌ အင်အားကောင်းသော စဉ်းစားဆင်ခြင်ခြင်းနှင့် အင်အားနည်းသော စဉ်းစား ဆင်ခြင်ခြင်းဟူ၍ ကွဲပြားစွာ ခွဲခြားနားလည်နိုင်သည်။ အင်အားကောင်းသော စဉ်းစားဆင်ခြင်နိုင်သူသည် ခက်ခဲနက်နဲသော ပြဿနာရပ်များကို လွယ်လွယ်ကူကူပင် ဖြေရှင်းနိုင်သည်။ အင်အားနည်းသော စဉ်းစားဆင်ခြင်မှုရှိသူသည် လွယ်ကူသောပြဿနာကိုပင် ခက်ခက်ခဲခဲ ဖြေရှင်းယူရလေသည်။ သံသယဖြစ်ခြင်းဆိုသည်မှာလည်း အသိပညာတံခါးကို ပိတ်ဆို့ထားခြင်းသာ ဖြစ်သည်။ ရိုးသားပွင့်လင်းမှုမရှိ၊ တိုးတက်ကျယ်ပြန့်လိုမှုမရှိ၊ ကျဉ်းမြောင်းကုပ်ကပ်သော အတ္တကမ္ဘာထဲမှာ တဝဲလည်လည် မူးယစ်စေလေသည်။ မိမိ၏ ကျဉ်းမြောင်းသော ငါသညာ ကမ္ဘာနယ်ပယ်ကို ဟုတ်လှပြီ၊ မှန်လှပြီ ထင်မှတ်များကာ နွားခြေရာခွက်ထဲမှ ဖားသူငယ်ကဲ့သို့ မြစ်ပင်လယ်ကို မြင်နိုင်စွမ်း မရှိတော့ချေ။

အခြားတစ်ဖက်မှ ထပ်မံရှင်းကြပါမည်။ အရာရာကို ယုံလွယ်ခြင်းသည် မလိုလားအပ်ကြောင်း ထင်ရှားပါသည်။ ထို့အတူပင် မလိုလားအပ်သော်လည်း မထင်ရှားသော သဘောတစ်ခုမှာ အရာရာကို မယုံလွယ် ခြင်းပင်ဖြစ်ပါသည်။ ယုံလွယ်ခြင်းသည် မှားတတ်သည်မှာ ထင်ရှားပါသည်။ ထို့အတူပင် မှားတတ်သော်လည်း မထင်ရှားသော သဘောတစ်ခုရှိပါသည်။ မယုံလွယ်ခြင်းပင်ဖြစ်ပါသည်။ ထပ်မံဖွင့်ဆိုပါဦးမည်။ ယုံလွယ်သဖြင့် မှားတတ်သကဲ့သို့ မယုံလွယ်သဖြင့်လည်း မှားနိုင်ပါသည်။ ယုံလွယ်သဖြင့် မယုံသင့်သည်ကို ယုံမိသဖြင့် မှားတတ်သကဲ့သို့ မယုံလွယ်သဖြင့် ယုံသင့်သည်ကို မယုံမိဘဲ မှားသွားနိုင်ပါသည်။ ယုံလွယ်ခြင်းသည် မလုပ်သင့်သည်ကို လုပ်ဆောင်မိသွားခြင်း ဖြစ်သကဲ့သို့ မယုံလွယ်ခြင်းသည်လည်း လုပ်သင့်သည်ကို မလုပ်ဆောင်မိဘဲ၊ အခွင့်အရေးလွဲမှားလက်လွှတ် သွားတတ်ပါသည်။ ရှေ့သို့တစ်ဆင့် တက်ပါမည်။

စဉ်းစားခြင်းမှာ ယုံလွယ်ခြင်းမဟုတ်သဖြင့် မှားသွားပြီဟု အဆုံးအဖြတ်မပြုနိုင်သေးပါ။ သံသယဖြစ်ခြင်းမှာမူ မယုံလွယ်ဘူးဟု ဆုံးဖြတ်သတ်မှတ်ပြီးသွားပါသဖြင့် မှားသွားပါတော့သည်။ ထပ်ဆင့်တင်ပြပါဦးမည်။ ဆင်ခြင်စဉ်းစားခြင်းကြောင့် မှားရသည်ဟု မပြောအပ်သကဲ့သို့ မှားယွင်းသော စိတ်ကူးယဉ်မှုကိုလက်ခံကာ တွေဝေမေ့မျောလျက်နှင့် မိမိကိုယ်တိုင် စဉ်းစားဆင်ခြင်နေသည်ဟု မပြောအပ် မသတ်မှတ်သင့်ပါ။ ဆိုလိုသည်မှာ "စဉ်းစားဆင်ခြင်ခြင်း မဟုတ်သော စဉ်းစားဆင်ခြင်ခြင်း" ကို အသုံးမပြုရန် လိုအပ်ပါသည်။

ဤနေရာတွင် စဉ်းစားဆင်ခြင်ခြင်းနှင့်ပတ်သက်၍ အနည်းငယ် အကျယ်ချဲ့၍ တင်ပြပါဦးမည်။ စဉ်းစားဆင်ခြင်သည်ဆိုရာဝယ် ပထမသိခြင်းနှင့် မသိခြင်းမှ အစပြု၍ ဒုတိယသိခြင်းနှင့် သိခြင်းတွင် အဆုံးသတ်သည်။ (ပထမ) သိခြင်းနှင့် မသိခြင်းကို မစဉ်းစားမီ အခြေအနေဟု သတ်မှတ်နိုင်၍ (ဒုတိယ) သိခြင်းနှင့် သိခြင်းတွင် အဆုံးသတ်သောအခါ စဉ်းစားပြီး အခြေအနေဟု သတ်မှတ်နိုင် သည်။ တစ်နည်းအားဖြင့် စဉ်းစားသည်ဆိုသည်မှာ ပထမသိခြင်းနှင့် မသိခြင်းမှ အစပြု၍ ဒုတိယသိခြင်းနှင့် သိခြင်းတွင် အဆုံးသတ်သည်။ စပ်ကူးမတ်ကူးကာလတွင် ပထမပိုင်း၌ပါသော မသိခြင်းနှင့်ဒုတိယအပိုင်းတွင်ပါသော သိခြင်းသို့ ဉာဏ်ပညာဖြင့် ယုတ္တိနည်းကျ ဆက်နွှယ်ကူးရောက်စေသည်။ မသိသည်ကို သိလာရအောင် ယုတ္တိနည်းကျ ကြံဆလာရသည်။ ထိုးထွင်းဆင်ခြင်လာရသည်။ ထို့ကြောင့် စဉ်းစားစပြုနေသောအခါ သိခြင်းနှင့် မသိခြင်းတို့ ပေါင်းစပ်နေသေးသော်လည်း စဉ်းစားပြီးစီးသွားသောအခါ သိခြင်းနှင့်သိခြင်းတို့သည်သာ ပေါင်းစပ်သွားတော့သည်။ အမှားအမှန်ခွဲခြား ကျင့်သုံးနိုင်ရေးအတွက် ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒပညာရှင်ကြီးများကလဲ အလုပ်လမ်းညွှန်တရား (၄) ပါးကို အခုလို ညွှန်ကြားထားခဲ့ပါတယ်။

- **အကန်းယုံ၊ အရမ်းယုံ မယုံကြဘဲ၊ သိပ္ပံပညာမျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။**
- **ဆင်ခြင်တုံတရားမဲ့တဲ့ ဆန္ဒစွဲယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာဉာဏ်ပညာကိုသာ အားကိုးကြပါစို့။**
- **စနစ်တကျ လေ့လာသုံးသပ်မှု ကင်းမဲ့တဲ့ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့ အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။**
- **ဆင်ခြင်တုံတရားမဲ့တဲ့ အစွဲအလမ်းဟောင်းတွေပေါ်မှာ မျက်စိမှိတ်ဆုပ်ကိုင်ထားသူတွေနဲ့စာရင်း အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့ နီးစပ်ပါသေးတယ်။**

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် လိုအပ်တဲ့ အကြောင်းတရားနှစ်ပါးဟာ (၁) စိတ်ကူးယဉ် ဒီမိုကရေစီကို ခံယူထားကြတဲ့ ပါတီအဖွဲ့အစည်းများ အင်အားစုများအဖို့ သဘောတရားအရ သိနားလည်ရာသို့သွားရာ အကောင်းဆုံးသောလမ်းဟာ မိမိတို့အမှားကတစ်ဆင့် သင်အံယူသောလမ်း ခါးသီးသော အတွေ့အကြုံကို ဖြတ်သန်းရသောလမ်းသာဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားလက်ကိုင်ထားပြီး မိမိကိုယ်ဝေဖန်ရေးဖြင့် ပြုပြင်ပြောင်းလဲကာ အမျိုးသားသင့်မြတ်စည်းလုံးရေးကို ကြိုးပမ်းသွားကြဖို့ လိုပါတယ်။

(၂) ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အရင်းရှင်နဲ့ အလုပ်သမားလူတန်းစားဖွံ့ဖြိုးခိုင်မာရေးကို ကြိုးပမ်းသွားရန်မှအပ အခြားလမ်းမရှိနိုင်ပါ။ ဒီအမျိုးသားရေးတာဝန်ကြီး နှစ်ရပ် ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားတဲ့ နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ် (၇) ရပ်ကို တစ်မျိုးသားလုံး စုပေါင်းလုံ့လပြု အကောင်အထည်ဖော်သွားကြဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ် (၇) ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

ဇူလိုင် ၁၃ ရက်က ဗဟန်းမြို့ ရေတာရှည် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရေတာရှည်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲနှင့်နယ်လှည့်စာဖတ်ခန်း နံရံကပ်စာစောင်၊

ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ရေတာရှည် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဇူလိုင် ၁၁ ရက်က အထက(၁) သာကေတ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အခမ်းအနားတွင် ကျောင်းအုပ် ဆရာကြီး ဦးမျိုးဝင်း ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ပန်းအလှပင်များ၊ အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၂၅၈)

17-7 (10).p65 1 03/25/1905, 1:04 PM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✳ ***ကျောဖုံးမှ***

လူငယ်များအကြား အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်များ မြတ်နိုးထိန်းသိမ်းလိုသည့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းလာပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ကိုယ်ပိုင် အမျိုးသားမူဟန်မပျက် နိုင်ငံတကာနှင့်ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေ ရေး ဦးတည်ပြီး ၁၉၉၃ ခုနှစ်မှစပြီး နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် ပြိုင်ပွဲအကြိုပြင်ဆင်ဆဲကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ယခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း အောင်မြင်စွာနှင့် ယခင်နှစ်များကထက် ပိုမိုစည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးက ဇွန် ၁၁ ရက်က ဖွဲ့စည်းပေးထားပြီဖြစ်ကြောင်း၊ ကျင်းပပြုလုပ်သည့် ရက်များကိုလည်း ယခုအစည်းအဝေးတွင် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုနှင့် အတီးပြိုင်ပွဲဝင်များ ကြိုတင်လေ့ကျင့်နိုင်ရန် သတ်မှတ်သွားမည့် သီချင်းသတ်မှတ်ချက်များကိုလည်း နာယကအဖွဲ့က အတည်ပြုပြီးသည်နှင့် ထုတ်ပြန် ကြေညာနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ အဆိုအတွက် စံခွေ၊ အကအတွက် တီးလုံးခွေနှင့် အတီးအတွက် အထောက်အကူပြု တိပ်ခွေများကိုလည်း စောနိုင်သမျှစောစွာ ဖြန့်ဝေပေးနိုင်ရန် ပညာရှင်ကြီးများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ထားရန် တိုက်တွန်းလိုကြောင်း၊ တိပ်ခွေများပြီးသည်နှင့် ပြည်နယ်နှင့် တိုင်း များမှ တာဝန်ခံများအားခေါ်ပြီး ရှင်းလင်း ဆွေးနွေးရမည်ဖြစ်ကြောင်း၊ အနုပညာအားနည်းသည့် ပြည်နယ်နှင့် တိုင်းများကို ပညာရှင်များ စေလွှတ်ပြီး အားဖြည့်သင်ကြားပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ယခုနှစ်တွင် ယခင်နှစ်များအတိုင်း ပြည်နယ်နှင့် တိုင်းများမှ ဒေသခံတိုင်းရင်းသားပြိုင်ပွဲဝင်များအနေဖြင့် ကြိုးကြိုးစားစားယှဉ်ပြိုင်ခဲ့သော်လည်း ပထမ၊ ဒုတိယ၊ တတိယ စသည့် ဆုတံဆိပ်များ မရရှိခဲ့လျှင် အထူးဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျင်းပမည့် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီး ယခင်နှစ်များကထက် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြင့် ကျင်းပနိုင်ရေးအတွက် ပညာရှင်ကြီးများ၊ ဦးစီးကော်မတီဝင်များနှင့် ကော်မတီ၊ ဆပ်ကော်မတီအားလုံးက ဝိုင်းဝန်း ဆွေးနွေး အကြံပြုပေးစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ် (၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်က လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပြိုင်ပွဲအဆင့်များ၊ ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာရပ်များ၊ ရုပ်သေးပြိုင်ပွဲ (ပညာရှင်အဆင့်နှင့်ဝါသနာရှင်အဆင့်) သတ်မှတ်ချက်များ၊ ရာမာယဏဇာတ်တော်ကြီး ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်နေမှု၊ ပြိုင်ပွဲကျင်းပမည့်နေရာများ၊ ပြိုင်ပွဲကျင်းပမည့်ရက်လျာထားချက်၊ ဆုငွေလျာထား သတ်မှတ်ချက်၊ ဆုချီးမြှင့်မည့်ရက်လျာထား သတ်မှတ်ချက်နှင့် ပြည်နယ်နှင့်တိုင်းများသို့ အနုပညာရှင်အဖွဲ့ ၁၁ ဖွဲ့ စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြိုင်ပွဲဝင် စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဆပ်ကော်မတီများအလိုက်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များဖြစ်သည့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အက အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင် အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့က တင်ဆက်ကပြရမည့် မဟောသဓာဇာတ်နှင့်ပတ်သက်၍ ပါဝင်သင့်သည့်အခန်းများ၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့တို့မှအနုပညာရှင်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အကဲဖြတ်အမှတ်ပေးရာတွင်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အမှတ်ပေးနိုင်ရေး ကြိုတင်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တုရင်တောင်စိမ်းလန်းစိုပြည်ရေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်စစ်ဆေး
စိုက်ပျိုးပြီးအပင်များရှင်သန်ရေးနှင့် မိုးရာသီထပ်မံစိုက်ပျိုးရေးမှာကြား

ရန်ကုန် ဇူလိုင် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက တုရင်တောင် စိမ်းလန်းစိုပြည်ရေး၊ မြေသင်းတွင်း စိုက်ပျိုးရေးစီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် တုရင်တောင်သို့ရောက်ရှိပြီး တောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်စေရေး ကွန်တိုပေါင်ပြုလုပ်၍ သစ်ပင်စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် မြေသင်းတွင်းကျေးရွာအနီး ကြိုးပြင်ကာကွယ်တောတွင် ဂျပန်နိုင်ငံ JICA ထောက်ပံ့မှုဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းစီမံကိန်း၏ ဧက ၅၀၀ စိုက်ခင်းကိုလည်းကောင်း၊ ယခုနှစ်တွင် စိုက်ပျိုးမည့်ဧက၁၀၀၀ စိုက်ခင်းအတွက် ပျိုးပင်စုဆောင်းထားရှိမှု၊ မြေပြုပြင်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ချောက်မြို့နယ်ရှိ ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး တမာစိုက်ခင်းလုပ်ကွက်အမှတ် A-2 သို့ရောက်ရှိစစ်ဆေးသည်။ ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ဧက ၆၅၀ နှင့် ဧက ၉၅၀ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးပြီး အပင်များရှင်သန်ရေး ယခုမိုးရာသီတွင် ထပ်မံစိုက်ပျိုးရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အစားထိုးစိုက်ခင်းစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပုပ္ပားတောင်ဥယျာဉ် နတ်ကန်လည်စခန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ပုပ္ပားနှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများနှင့် တောင်သူများက ပုပ္ပားတောင် အရှေ့ခြမ်းစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပုပ္ပားတောင်အရှေ့ခြမ်းရှိ နှစ်ရှည်သီးနှံအစားထိုးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် မတ္တရာမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းယာဉ်ယန္တရားပြင်အလုပ်ရုံ၊ သပိတ်ကျင်းမြို့နယ် ဆင်မွေးကျေးရွာအနီးရှိ ကျွန်းစိုက်ခင်းနှင့် တကောင်းသစ်ဆိပ်များကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁၅)သစ်စက်ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ဗန်းမော်မြို့ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများအား လုပ်ငန်းကိစ္စရပ်များရှင်းလင်းမှာကြား၍ အမှတ်(၇၉)သစ်စက်ကို ကြည့်ရှု စစ်ဆေးသည်။ ဆက်လက်၍ ဗန်းမော်မြို့မှ မော်တော်ယာဉ်ဖြင့် အစုန်ခရီးထွက်ခဲ့ရာ ဧရာဝတီမြစ်ကြောင်းရှိ ဝက်တိုးသစ်ဆိပ်၊ တောက်တဲ့သစ်ဆိပ်များကို ကြည့်ရှုစစ်ဆေးပြီး ရွှေကူမြို့သို့ရောက်ရှိသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် သပိတ်ကျင်းမြို့နယ်၊ ရေယာဉ်ပျိုးဥယျာဉ်စခန်းအနီး လမ်းဘေးဝဲ/ယာ ကျွန်းစိုက်ခင်းကိုလည်းကောင်း၊ စဉ့်ကူးမြို့နယ်ရှိ ဂဒူးတသစ်ဆိပ်ကိုလည်းကောင်း၊ မတ္တရာမြို့နယ်ရှိ အမှတ်(၁၅)သစ်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၄၄) သစ်စက်ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးစက်မှု ဇုန်(၁)ရှိ Jeweller Luck Co., Ltd. သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် Focus သစ်အချောထည်စက်ရုံ၊ ဝင်းမာလာအောင်သစ်အခြေခံစက်ရုံ၊ ကြယ်တာရာတန်ဖိုးမြှင့် သစ်အခြေခံစက်ရုံများသို့ရောက်ရှိရာ တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ရေး နိုင်ငံတော်အကြီးအကဲက သစ်အချောထည်စက်မှုလုပ်ငန်းများကို အားပေးလျက်ရှိရာ ပြည်ပပို့ကုန်များ အရည်အသွေးတိုးတက်မြင့်မားရေး၊ ပြည်ပဈေးကွက်ခိုင်မာရေး၊ နိုင်ငံတော်နှင့် ကိုယ်ပိုင်အကျိုးစီးပွား မျှတစွာထားရှိရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရူပါသတင်းဂျာနယ် အမှတ်(၂၂)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၃-၂၀၀၄ ခုနှစ် ၁၂ လတာ မြန်မာ့ရုပ်ရှင်စစ်တမ်း၊ ပွင့်နဒီမောင်ပြောတဲ့ အရှက်တရား၊ အွန်စောရဲ့ ရည်းစားဦးဖြစ်ခဲ့ဖူးသူ၊ ယုံကြည်လို့ ဇာတ်လမ်းပြောပြတာ လုပ်စားဖို့မဟုတ်ဘူး၊ ရုပ်ရှင်ရုံပေါ်က စတိတ်ရှိုး၊ အဲလက်စ်နှင့် သူ့ဘဝ သူ့အတွေး သူ့အနုပညာ၊ ပန်းဒဏ္ဍာရီဇာတ်ကားအထူးပွဲ၊ Myanmar Convention Centre ရဲ့ ပွဲဦးထွက် စင်တင်တေးဂီတ ဖျော်ဖြေခဲ့ကြတဲ့ကိုး၊ ထွန်းအိန္ဒြာဗိုတို့နဲ့စ၊ သျှားညို ပြုံးနေပြီ စသော ပြည်တွင်းပြည်ပ ရုပ်ရှင်ဂီတ ရူပါ အနုပညာရှင်တို့၏ ဘဝအလှဒဿနများအပါအဝင် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ပပဝင်းခင်၏ စတိုင်လ်အလှရောင်စုံဓာတ်ပုံတို့ဖြင့် ရူပါသတင်းဂျာနယ် အမှတ်(၂၂)ကို ဆင်တောင်ကြီးစာပေ အမှတ် (၄၁)၊ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

ပန်းအိမ်

❁ မြန်မာမလေးတွေ ဂုဏ်ကျက်သရေ
ရှုလို့မဝပေ။
❁ မြန်မာတွေသာ ပိုင်ဆိုင်ကြ
မြန်မာတို့ရဲ့ အလှ။
❁ မြန်မာ့အလှနဲ့ မြန်မာ့သိက္ခာ
ပြိုင်စံရှားတဲ့ ဤမြေကမ္ဘာ။
❁ ပန်းကလေးပမာ နုနယ်လှ
ယဉ်ကျေးသိမ်မွေ့စွ။
❁ ပင်ကိုအလှ မပျက်အောင်
ယဉ်ကျေးမှုနှင့် ဂုဏ်မြှင့်ဆောင်။
❁ မြန်မာ့ဂုဏ်ရောင် လင်းစေဖို့
မြန်မာအမျိုးသမီးများ စွမ်းဆောင်စို့။
❁ ဒို့တိုင်းပြည်ရဲ့ အင်အားမှာ
အမျိုးသမီးငယ်များ ပါဝင်တာ။
❁ နိုင်ငံ့တာဝန် ကျေပွန်ဖို့
အလှ ပန်းအိမ်လေးဆောက်ကြစို့။ ။

(မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပြပွဲကို ဂုဏ်ပြုလျက်)

မန်းခင်ခင်

ချင်းတွင်းနှင့်ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၁၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀စင်တီမီတာ၊ မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာနှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀ စင်တီမီတာ အသီးသီးအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာတွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မြောက်ယမားချောင်းတံတားကို နိုင်ငံတော်ကမွန်မြတ်သည့်စေတနာဖြင့် တည်ဆောက်ပေးထား တံတားကြီးနှင့်လမ်းပိုင်းအသစ်များ သားစဉ်မြေးဆက်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း

ရန်ကုန် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အစီအမံဖြင့် ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာနှင့် ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာတို့ကို ဆက်သွယ်ပေါင်းကူးတည်ဆောက်ထားပြီး မုံရွာ၊ ပုလဲ၊ ဂန့်ဂေါလမ်းနှင့် မုံရွာ၊ ဆားလင်းကြီး၊ ပခုက္ကူလမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းပိုင်းပေါ်၌ တည်ရှိသော မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီ မိနစ် ၂၀ က အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အချိန်ကုန်လူပန်း

မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ ယခင်က ဤနေရာတွင် တံတားမရှိဘဲ ချောင်းအတွင်းဆင်းပြီး ဖြတ်သန်းသွားလာခဲ့ကြရသည့်အတွက် မိုးရာသီကာလ တောင်ကျရေကြောင့် ယမားချောင်း ရေစီးကြမ်းပြီဆိုပါက သွားလာရေး ခက်ခဲပင်ပန်းခဲ့သည်ကို ဒေသခံပြည်သူများ အားလုံးအသိပင်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းမြောက်ပိုင်းနှင့် တောင်ပိုင်း၊ မကွေးတိုင်းများကို သွားလာရာတွင်လည်း လမ်းကြောင်းတစ်ဖြောင့်တစ်ကြောင်းတည်း မသွားလာနိုင်ကြဘဲ မုံရွာမှတစ်ဆင့်သာ ခရီးဆက်သွားလာရသည့်အတွက် လမ်းခရီးတစ်ထောက်နားပြီး အချိန်ကုန်လူပန်းဖြစ်ခဲ့ကြရကာ ငွေကုန်ကြေးကျ ပိုမိုခဲ့ကြရကြောင်း။

ယခု မိမိတို့အစိုးရလက်ထက်တွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးရည်မှန်းချက်ဖြင့် လမ်းများဖောက်၊ တံတားများဆောက် ဆောင်ရွက်ခဲ့သလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်သည့်လမ်းများ ကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ပေးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုများလာပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ခိုင်မာလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း“ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးမှာ ဒေသအတွင်း ဆက်သွယ်သည့် လမ်းများကောင်းမွန်ရန်လိုအပ်သကဲ့သို့ အခြားဒေသများနှင့်ဆက်သွယ်သည့်လမ်းများလည်း ကောင်းမွန်ရန်လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဒေသတစ်ခု၏စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့လည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း”ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။

တိုးတက်ဆောက်လုပ်ခဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းနှင့်တံတားများကို နေ့မအား ညမနား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်မှာ ၁၉၈၈ခုနှစ်က လမ်းမိုင် ၁၃၆၃၅မိုင် ရှိခဲ့ရာမှ ယခုဆိုလျှင်၁၈၄၃၆မိုင်ရှိလာပြီဖြစ်၍ ၄၈၀၁မိုင် တိုးတက် ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း၌ လမ်း ၁၃၃၂မိုင်ရှိခဲ့ရာက ယခုဆိုလျှင် ၂၀၉၄မိုင် ရှိလာပြီဖြစ်၍ ၇၆၂မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ပေ ၁၈၀နှင့်အထက် တံတားများကို ကြည့်မည်ဆိုပါကလည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း ယခုဖွင့်လှစ်သည့် ယမားချောင်းတံတားအပါအဝင် တံတား ၁၈၇စင်းရှိပြီး စစ်ကိုင်းတိုင်းအတွင်း၌ ၁၄စင်း ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဤတံတားကို ဇန်နဝါရီ ၁၅ ရက်က စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏အစီအစဉ်ဖြင့် စတင်တည်ဆောက်ခဲ့ပြီး ဇွန် ၂၇ရက်တွင် ပြီးစီးခဲ့ကြောင်း။

ယနေ့ ဖွင့်လှစ်ပေးလိုက်သည့် မြောက်ယမားချောင်းတံတားသည်လည်း နိုင်ငံတော်အစိုးရ၏ ကြီးမားသည့် အမြော်အမြင်၊ မွန်မြတ်သည့် စေတနာနှင့် စီမံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အဆင်ပြေချောမွေ့

ဤတံတား ဆောက်လုပ်ပေးခဲ့ခြင်းနှင့်အတူ မုံရွာ-ယာကြီး-ကလေးဝလမ်း၊ မုံရွာ-ယင်းမာပင်-ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ-ပခုက္ကူလမ်းမကြီး သုံးခုကို ဆက်သွယ်ပေးသည့် အရှည်၁၅မိုင်ရှိသော လမ်းသစ်တစ်ခုကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ဤခရီးတို လမ်းပိုင်းလေးကိုဖြတ်ပြီး လမ်းမကြီး သုံးခုသည် အချိန်တိုတိုဖြင့် အလွယ်တကူ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ကြတော့မှာဖြစ်ကြောင်း၊ မြစ်ချောင်းများ အတားအဆီးရှိနေသည့် ဤအရပ်ဒေသနေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးအခြေခံများသည် ဖွံ့ဖြိုးမှုအားနည်းခဲ့ရသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ဒေသရှိ ကျောင်းသူ ကျောင်းသားကလေးငယ်များ၏ ပညာသင်ကြားရေးသည်လည်း မြစ်ချောင်းကူးရသည့်အတွက်ကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ ကြရကြောင်း၊ ယခုအခါတွင် ယင်းအတားအဆီး အခက်အခဲများသည် အားလုံး အဆင်ပြေချောမွေ့သွားပြီ ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း က အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေးက တံတားတည်ဆောက်ရေးတွင် ပါဝင်ကူညီခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးက တံတားဖွင့်ပွဲသို့ တက်ရောက်လာသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဒုတိယဝန်ကြီးများသည် တံတားမုခ်ဦးထိပ်၌နေရာယူပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်နက် မြောက်ယမားချောင်းတံတားကို တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာ အကြီးအကဲများသည် ဒေသခံပြည်သူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဒေသခံပြည်သူများနှင့်အတူ တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

တံတား၏အကျယ်မှာ ၁၂ ပေ ခြောက်လက်မ၊ တံတားအောက်ခြေရေလမ်းကင်းလွတ်နယ်မြေမှာ အမြင့်ဆုံးရေမှတ်အထက် သုံးပေဖြစ်ပြီး တံတားအမျိုးအစားမှာ သစ်သားတံတားနှင့် တစ်လွှာတစ်ထပ် ဘေလီကြိုးဆိုင်းတံတားဖြစ်သည်။ ခွင့်ပြုတန် ၃၀ ဖြစ်သည်။

အချိန်တိုအတွင်းသွားလာနိုင်

မြောက်ယမားချောင်းတံတား ဖွင့်လှစ်ခြင်းကြောင့် ဆားလင်းကြီး ကျေးရွာမှ ကျေးရွာအုပ်စုနှစ်အုပ်စု၊ကျေးရွာခုနစ်ရွာ၊ လူဦးရေ ၂၅၀၀၀၊ ယင်းမာပင်မြို့နယ်မှ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ၃၄ ရွာ၊ လူဦးရေ ၅၇၅၀၀တို့ အဆိုပါ တံတားနှင့် လမ်းကိုဖြတ်သန်း၍ မုံရွာ၊ ပခုက္ကူ၊ ဆားလင်းကြီး၊ ယင်းမာပင် မြို့များသို့အလွယ်တကူအချိန်တိုအတွင်းသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

တံတားဖွင့်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ-ဆားလင်းကြီး-ပခုက္ကူ လမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းတစ်လျှောက် လမ်းများအခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို မှာကြားသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်

ရန်ကုန် ဇူလိုင် ၁၆

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ လေးလတာ ကာလအတွင်း ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်၊ ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဩဝါဒခံယူ

ထို့နောက် ၂၀၀၄ခုနှစ် မတ် ၁ ရက်မှ ဇွန် ၃၀ရက်အထိ လေးလတာ ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ဂေါပကအဖွဲ့ဝင်အသစ် ဗိုလ်မှူးလှထွန်း(ငြိမ်း) [အငြိမ်းစား ညွှန်ကြားရေးမှူး(သတင်း)သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း]က ဩဝါဒခံယူနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဩဝါဒါစရိယ ဆရာတော်များထံ တာဝန်ခံအလှည့်ကျဂေါပက ဦးခင်ဆွေက တင်ပြလျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်များထံမှ ဩဝါဒခံယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဩဝါဒါစရိယဆရာတော်များအား ဧည့်သည်တော်များနှင့် ဂေါပကအဖွဲ့ဝင်တို့က ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်းဆက်ကပ်ကြသည်။ **(သတင်းစဉ်)**

အင်းစိန် အထက(၃)ကျောင်းကောင်စီ ကတိသစ္စာ ခံယူပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးရန်နောင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ကျောင်းကောင်စီ ဥက္ကဋ္ဌ ဦးတင်စော ရှေ့မှောက်တွင် အနော်ရထာအသင်း၊ ကျန်စစ်သားအသင်း၊ ဘုရင့်နောင်အသင်း၊ အလောင်းဘုရားအသင်းနှင့် ဗန္ဓုလအသင်းခေါင်းဆောင်များ ကတိသစ္စာခံယူကြစဉ်။ (ဝ၄၆)

ပျိုးပင်ပေါက်များပေးအပ်

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၁၁ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်းစိုက်ပျိုးရန် ပျိုးပင်ပေါက်များကို ကျောင်းအုပ်ဆရာကြီး ဦးသန်းဆွေ အားပေးအပ်စဉ်။
(က-ပ)

ပဏာမလက်ရွေးစင် အကောင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာဖွယ်ရှိ အဆင့်မြင့်တန်းညွန့်ပေါင်း ကစားကွက်နှင့်ကစားအားမည်သို့နည်း

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၄ ခုနှစ် ဩဂုတ် ၂၀ ရက်မှ ၂၈ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းဘောလုံးအသင်းများမှ ရွေးချယ်ထားသည့် ညွန့်ပေါင်းလက်ရွေးစင် ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ဇူလိုင်၁၇ရက် (**ယနေ့**) ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ခြေစမ်းပွဲပထမပွဲစဉ်ကို ဇူလိုင် ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းက အဆင့်မြင့်တန်း ညွန့်ပေါင်းလက်ရွေးစင်အသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ပဏာမလက်ရွေးစင်အသင်းအတွက် ဘိုဘိုအောင်နှင့်နိုင်ဝင်းတို့က တစ်ဂိုးစီသွင်းယူပေးပြီး အဆင့်မြင့်တန်းညွန့်ပေါင်းအသင်းအတွက် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ရန်နောင်စိုးက သွင်းယူခဲ့သည်။

ပဏာမလက်ရွေးစင်

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် ပထမတာထွက်ကစားသမားများအဖြစ်(**ဂိုး**)ကိုကိုအောင်၊ (**နောက်တန်း**)မင်းသူ၊ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်၊ စိုးလင်းထွန်း၊ (**အလယ်တန်း**)မောင်မောင်အောင်၊ ဇော်ဇော်၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ (**ရှေ့တန်း**)ထွန်းမင်းနိုင်နှင့်ထွန်းမင်းဦးတို့ပါဝင်ခဲ့ကြသည်။ ဒုတိယပိုင်းတွင် မောင်မောင်အောင်အစား ထွန်းထွန်းဝင်း၊ ဇော်ဇော်အစား ကျော်ဇင်ဝင်း၊ ထွန်းမင်းနိုင်အစား နိုင်ဝင်း၊ မျိုးမင်းထွန်းအစား မာလတို့ကို လူစားလဲခဲ့သည်။

ညွန့်ပေါင်းလက်ရွေးစင်

အဆင့်မြင့်တန်း ညွန့်ပေါင်းလက်ရွေးစင်အသင်းတွင် ပထမတာထွက်ကစားသမားများအဖြစ် (**ဂိုး**) ညီညီထွန်း၊ (**နောက်တန်း**) မင်းမင်းထွန်း၊ ကျော်ကျော်ဝင်း၊ အောင်ကျော်မြင့်၊ ထွန်းထွန်းနောင်၊ (**အလယ်တန်း**) ရန်နောင်စိုး၊ ကျော်မျိုးဟန်၊ တင်မင်းထွန်း၊ မျိုးဇော်ဦး၊ (**ရှေ့တန်း**) နေသူလှိုင်နှင့် ထွန်းထွန်းအေးတို့ပါဝင်ခဲ့ကြသည်။ ဒုတိယပိုင်းတွင် ညီညီထွန်းအစား ဇော်မိုးထက်၊ ကျော်ကျော်ဝင်းအစား စိန်သောင်း၊ မျိုးဇော်ဦး အစား စထက်နိုင်ဝင်း၊ ထွန်းထွန်းအေး အစား မျိုးဇော်ထွန်းတို့ကိုလူစားလဲကစားခဲ့သည်။

ကစားကွက်နှင့်ကစားအား

ပထမခြေစမ်းပွဲစဉ်၌ ပဏာမလက်ရွေးစင်အသင်း၏ ကစားအားကောင်းမွန်မှုကို တွေ့ရသော်လည်း ကစားကွက်အပိုင်း၌ ပီပီပြင်ပြင် မမြင်ခဲ့ရပေ။ အထူးသဖြင့် ဂိုးသွင်းယူမှုအပိုင်း၌ အားနည်းချက်ရှိနေသည်။ ပဏာမလက်ရွေးစင်အသင်း၌ အမာခံကစားသမားအချို့မပါဝင်ဘဲ လူရွေးသည့်သဘောဖြင့် လူစုံစမ်းသပ်ကစားခဲ့သည်။ အဆင့်မြင့်တန်းပြိုင်ပွဲများ၌ အကောင်းဆုံး ခြေစွမ်းပြနိုင်သူများကို အထပ်ထပ်ဆန်ခါချပြီး ပဏာမလက်ရွေးစင် ၃၁ဦးကို ရွေးချယ်ထားခြင်းဖြစ်ရာ မည်သူ့ကိုထည့်သုံးသည်ဖြစ်စေ အဆင့်မြင့်တန်း ညွန့်ပေါင်းအသင်းထက် ကစားကွက်၊ ကစားအားနှင့် တစ်ဦးချင်းပါသာလွန်နေသင့်သည့် သဘောပင်ဖြစ်သည်။

အဆင့်မြင့်တန်း ညွန့်ပေါင်းလက်ရွေးစင်အသင်းသည် ဇူလိုင် ၁၂ရက်က ကျင်းပခဲ့သည့် အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပြီးမှ ရွေးချယ်စုစည်းထားခြင်းဖြစ်သည်။ အသင်းလိုက် စုစည်းလေ့ကျင့်မှုမရှိခဲ့သလို အချို့ကစားသမားများဆိုလျှင် ရွေးချယ်ထားပြီးမှ ခွင့်ဖြင့်နေရပ်ပြန်နေ၍ အဆက်အသွယ်မလုပ်နိုင်ခဲ့ပေ။ ညွန့်ပေါင်းလက်ရွေးစင်အသင်းသည် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားခြင်းမရှိသော်လည်း ပဏာမလက်ရွေးစင်အသင်းကို ပထမပိုင်း၌ ခြေရည်တူကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင်သာ ကစားအား အနည်းငယ်ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ဂိုးပြတ်နိုင်သင့်

ပဏာမလက်ရွေးစင် အသင်းအနေဖြင့် အမာခံကစားသမားများမပါဝင်ဟု ဆိုစေဦးတော့ ညွန့်ပေါင်းအသင်းကို ဂိုးပြတ်အနိုင်ရသင့်သည်။ ယခုအခါ အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်ဇယား ပေါ်ထွက်လာပြီး ပြိုင်ပွဲစတင်ရန် တစ်လခန့်သာ လိုတော့သည့်အချိန်တွင် ကစားကွက် ပီပီပြင်ပြင်ဖြစ်နေရန်လိုအပ်သည်။ ဒုတိယပွဲစဉ်တွင် ပထမပွဲစဉ်၌ မပါဝင်သည့် အမာခံ ကစားသမားများ ပါဝင်လာဖွယ်ရှိသည်။ ဂိုးသမားအောင်အောင်ဦး ဒဏ်ရာရထားပြီး နောက်တန်းလူ ငွေအောင်ကလည်း ပခုံးညှပ်ရိုးကျိုးသွားသည်ဟု ကြားသိရသဖြင့် ၎င်းတို့နှစ်ဦး ပါဝင်နိုင်မည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ပဏာမလက်ရွေးစင်အသင်းအနေဖြင့် ဒုတိယပွဲစဉ်၌ ဂိုးပြတ်အနိုင်ရသင့်သည်။

လူအင်အားဖြည့်တင်း

အဆင့်မြင့်တန်းညွန့်ပေါင်း လက်ရွေးစင်အသင်းသည် ဒုတိယခြေစမ်းပွဲစဉ် ယှဉ်ပြိုင်ကစားရန်အတွက် ဘောလုံးသမားလေးဦးကို ထပ်မံအင်အားဖြည့်တင်းထားကြောင်းသိရသည်။ ထပ်မံအင်အားဖြည့်မည့် လေးဦးမှာ ပို့ဆောင်ရေးအသင်းမှ မြတ်မင်းဦး၊ ဝင်းမင်းထွဋ်နှင့် ကျော်ဒွန်း၊ တံခွန်အသင်းမှ ဂိုးသမား ရဝေဇင်တို့ဖြစ်ကြသည်။

အချည်းအနှီးမဖြစ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က "အဆင့်မြင့်တန်းညွန့် ပေါင်းအသင်းမှ ခြေစွမ်းပြကစားပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူဖြစ်ပါက ထပ်မံရွေးချယ်ရန်လမ်းဖွင့်ထားကြောင်း၊ ညွန့်ပေါင်းအသင်းမှ အားကစားသမားများ ကြိုးစားပါက အချည်းအနှီးမဖြစ်နိုင်ကြောင်း" ပြောကြားထားရာ ဒုတိယခြေစမ်းပွဲစဉ်၌ အဆင့်မြင့်တန်းညွန့်ပေါင်းလက်ရွေးစင်အသင်း၏ ကစားကွက်နှင့် ကစားအား မည်သို့ရှိမည်ကို စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။

အယ်လ်ဂျီဖလားအုပ်စုခွဲ

အယ်လ်ဂျီဖလား(LG Cup) ဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်ဇယား ပေါ်ထွက်လာပြီဖြစ်သည်။ အုပ်စု(က)တွင် မြန်မာ၊ အိန္ဒိယနှင့် ဗီယက်နမ်၊ အုပ်စု(ခ)တွင် ကိုရီးယား တက္ကသိုလ်ညွန့်ပေါင်း၊ မလေးရှားနှင့် ဟိုချီမင်းလူငယ်တို့ပါဝင်ကြသည်။

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ ဩဂုတ် ၂၀တွင် ကိုရီးယား တက္ကသိုလ်ညွန့်ပေါင်းနှင့် မလေးရှား၊ ဗီယက်နမ်နှင့် မြန်မာ၊ ဩဂုတ် ၂၂ရက်တွင် မြန်မာနှင့် အိန္ဒိယ၊ ဟိုချီမင်းလူငယ်နှင့် မလေးရှား၊ ဩဂုတ် ၂၄ရက်တွင် ဟိုချီမင်းလူငယ်နှင့် ကိုရီးယား တက္ကသိုလ်ညွန့်ပေါင်း၊ ဗီယက်နမ်နှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၆ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် အုပ်စု(က) ပထမနှင့် အုပ်စု(ခ)ဒုတိယ၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် အုပ်စု(ခ)ပထမနှင့် အုပ်စု(က)ဒုတိယတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

နိုင်ငံတကာခြေစမ်းပွဲ

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ပြိုင်ပွဲအကြိုအတွေ့အကြုံရရှိရေးအတွက် ရည်ရွယ်၍ ဩဂုတ်လ ပထမပတ်အတွင်း၌ နိုင်ငံတကာခြေစမ်းပွဲ ကစားရန် အစီအစဉ်ရှိကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ကရာတေးဒိုပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့် တက်ရောက်၍ ဆုများချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဇေယျဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အုပ်မှူး/တပ်မှူးများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မှ အရာရှိ စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသားတစ်ဦးချင်း(ကုမိတဲ့)ပြိုင်ပွဲများ၊ အမျိုးသားတစ်ဦးချင်း (ခတ)ပြိုင်ပွဲများ၊ အမျိုးသားအသင်းလိုက်(ခတ) ပြိုင်ပွဲ၊ အလွတ်တန်းတစ်ဦးချင်း (ကုမိတဲ့)ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများက ဆုပေးအပ်ချီးမြှင့်ပြီး တံခွန်စိုက်ဒိုင်းဆုရရှိသွားသော တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်က ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

*** ကျောဖုံးမှ**

၁၆သင်းကို အဆင့်လေးဆင့်သတ်မှတ်ပြီး အုပ်စုခွဲပေးခဲ့ကာ ယနေ့ ဇူလိုင်၁၇ရက်တွင် အုပ်စုပွဲများ စတင်ကစားတော့မည်ဖြစ်သည်။

အာရှဖလား သမိုင်းတစ်လျှောက် ချန်ပီယံဖြစ်ခဲ့ဖူးသော အီရန်၊ ကူဝိတ်၊ ကာတာနှင့် အီရတ်အသင်းတို့ကို ဒုတိယဦးစားပေးအသင်းများအဖြစ်ထားရှိပြီး ထိုင်း၊ယူအေအီး၊အင်ဒိုနီးရှားနှင့် ဥဇဘက်ကစ္စတန်တို့ကို တတိယဦးစားပေး သတ်မှတ်ကာ အိုမန်၊ ဂျော်ဒန်၊ ဘာရိန်းနှင့် တာမင်နစ္စတန်တို့ကို စတုတ္ထဦးစားပေးအသင်းများအဖြစ် သတ်မှတ်ပေးခဲ့ကာ အသင်းများအုပ်စုမဲခွဲပေးခဲ့သည်။

အုပ်စု(က)တွင် ဘာရိန်း၊ တရုတ်၊ အင်ဒိုနီးရှားနှင့် ကာတာအသင်းတို့ပါဝင်ကြပြီးအုပ်စု(က)လေးသင်းအနက် တရုတ်အသင်းသည် အလားအလာအကောင်းဆုံးအနေအထားတွင် ရှိနေသည်။ တရုတ်အသင်းသည် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်မရရှိခဲ့သဖြင့်လည်း တရုတ်နိုင်ငံ၏ အကောင်းဆုံးဘောလုံးသမားများ အင်အားအပြည့်ရှိနေသည်။

အုပ်စု(ခ)တွင် တောင်ကိုရီးယား၊ ကူဝိတ်၊ ဂျော်ဒန်နှင့် ယူအေအီးအသင်းတို့ပါဝင်လျက်ရှိရာ အာရှဖလား ၂၀၀၄၌ အုပ်စုကျပ်သည်ဟု ပြော၍ရသော အုပ်စုပင်ဖြစ်သည်။

တောင်ကိုရီးယားအသင်းသည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲထိရောက်ရှိခဲ့သော အသင်း၌ ပါဝင်ကစားခဲ့သော ဘောလုံးသမားများကို အခြေခံဖွဲ့စည်းထားသော အသင်းဖြစ်ပြီး အာရှဖလား၂၀၀၄၌ အတောင့်တင်းဆုံးအသင်းလည်းဖြစ်သည်။

ဂျော်ဒန်အသင်းသည် အီရန်အသင်းကို အီရန်မြေပေါ်၌ အနိုင်ကစားထားသော အသင်းဖြစ်ပြီး ပင်လယ်ကွေ့ဖလားချန်ပီယံ ကိုးကြိမ်ရထားခဲ့သောအသင်းဖြစ်သည့် ကူဝိတ်အသင်းကိုလည်း အလေးထားရမည်ဖြစ်သည်။ ယူအေအီးအသင်းသည် ၁၉၉၆ခုနှစ်က အာရှဖလား ဒုတိယရရှိခဲ့ဖူးသည့်အသင်းဖြစ်ရာ ချန်ပီယံအဖြစ်တစ်ပြေးနေသော ဟော်လန်နည်းပြအသစ်၏ တောင်ကိုရီးယားအသင်းကွာတားရောက်ရန် အပြင်းအထန်ကြိုးစားရမည့် အခြေအနေရှိနေသည်။

ဂျပန်အသင်း အာရှချန်ပီယံဆက်လက်ရယူရန် ကြိုးစားထားသည်ဟု ပြောကြားသည့် ဂျပန်နည်းပြ ဇစ်ကို။
(ဓာတ်ပုံ-အင်တာနက်)

အုပ်စု(ခ)တွင် ဆော်ဒီ၊ အီရတ်၊ ဥဇဘက်ကစ္စတန်နှင့် တာမင်နစ္စတန်တို့ပါဝင်လျက်ရှိရာ ၂၀၀၀ပြည့်နှစ် အာရှဖလားပွဲ၌ ဆော်ဒီနှင့် ဥဇဘက်ကစ္စတန်တို့ အုပ်စုအဆင့်၌ ဆုံခဲ့ကြရာ ဆော်ဒီအသင်းအနိုင်ရရှိခဲ့သည်။ ထို့ပြင် တာမင်နစ္စတန်နှင့် ဆော်ဒီတို့သည်လည်း ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် ပူပူနွေးနွေးတွေ့ဆုံခဲ့ကြဖူးသဖြင့် တစ်သင်း၏အနေအထားကိုတစ်သင်းက သိရှိလျက်ရှိသည်။

အုပ်စု(ဃ)တွင် ဂျပန်၊ အီရန်၊ ထိုင်းနှင့် အိုမန်တို့ပါဝင်လျက်ရှိရာ အာရှဖလား ဘောလုံးပြိုင်ပွဲတွင် အတောင့်တင်းဆုံးဟု ရေပန်းစားနေသော ဂျပန်အသင်းသည် အာရှဖလား သုံးကြိမ်ရရှိထားခဲ့ဖူးသော အီရန်အသင်း ပါဝင်နေ၍ ခက်ခဲစွာ ကစားရမည်ဖြစ်ပြီး၂၀၀၆ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် အိုမန်က ဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရာ အရှေ့တောင်အာရှဘောလုံးထိပ်သီး ထိုင်းအသင်းနှင့် အိုမန်တို့မှာ ဂျပန်နှင့် အီရန်ကို ကျော်ကာ အုပ်စုတက်ရေးမှာ လွယ်ကူလှသည်တော့မဟုတ်ပေ။

အိမ်ရှင်အသင်း

အိမ်ရှင် တရုတ်အသင်းသည် အာရှဖလား ၂၀၀၄ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်အဖြစ် အိမ်ရှင်ပရိသတ်ရှေ့တွင် ဘာရိန်းအသင်းနှင့် ကစားရမည်ဖြစ်ရာ ပထမ ဦးဆုံးပွဲတွင် သုံးမှတ်အပြည့်ရရှိရန် အထူးလိုအပ်လျက်ရှိရာ တရုတ်အသင်း အလေးထားကြိုးစားရမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ဘောလုံးအားကစားကို အရူးအမူးစွဲလမ်းအားပေးလာသည့် ပရိသတ်များ တိုးတက်များပြားလျက်ရှိရာ အနိုင်ရရှိရေးအတွက် သည်းသည်းလှုပ်အားပေးကြမည်ဖြစ်သည်။ တရုတ်အသင်းကလည်း ဘာရိန်းအသင်းကို အနိုင်ယူမှုနှင့်စတင်ပြီး ဗိုလ်လုပွဲအထိအရောက်လှမ်းကာ ရည်မှန်းချက်ဖြစ်သော အာရှဖလားကို ပထမဆုံးရယူနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရတော့မည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ဒုတိယတန်းနှင့်တတိယတန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်း(ခ)အသင်း အကြိုဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)အားကစားကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းက ရွှက်သစ်လူငယ်အသင်းကို ၁၂ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်သွားသည်။

စီးပွား/ကူးသန်း(ခ)အသင်းအတွက် အနိုင်ဂိုးများကို အောင်ရဲထွဋ်က ခြောက်ဂိုး၊ လတ်ကိုအေးက သုံးဂိုး၊ ထူးကျော်က နှစ်ဂိုး၊ ရာဇာဝင်းသိန်းက တစ်ဂိုးသွင်းယူပေးသည်။ စီးပွား/ကူးသန်း(ခ)အသင်းသည် ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားရာ ပွဲစပြီး ၁၀မိနစ်အကြာမှာပင် အောင်ရဲထွဋ်က အဖွင့်ဂိုးသွင်းယူပြီးနောက် ဆက်တိုက်ဆိုသလိုပင် ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားပြီး ဒုတိယပိုင်းတွင် ငါးဂိုးထပ်မံသွင်းယူနိုင်သဖြင့် ပွဲအပြီးတွင်၁၂ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

စီးပွား/ကူးသန်း(ခ)အသင်းသည် ငွေကြယ်ပွင့်လေးများအသင်းကို လေးဂိုး-နှစ်ဂိုး၊ တကအရဲမွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ဇူလိုင် ၂၁ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် စီးပွား/ကူးသန်း(ခ)အသင်းနှင့် ရန်ကုန်တိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

17-7 (13).p65 1 03/25/1905, 1:04 PM



Classic Show Room

Zawtika Thingan General Trading E-mail: zawtikasales@myanmar.com.mm http://www.zawtika.com

ဇူလိုင် ၅ရက်က ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည် ဟိန်းကျောင်း ကျန်းမာရေးယာဉ်အလှူတော်အတွက် အလှူငွေကျပ် လေးသိန်း ငါးသောင်းကို မြောက်ဒဂုံ ၅၀ ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနေ ဒေါ်ခင်မေရီမိသားစုက ဆရာတော်ထံ လှူဒါန်းရာ ဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ပုညာရာမဆရာတော်တရားပွဲ

ရန်ကုန် ဇူလိုင် ၁၆

သာကေတမြို့ (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်၌ ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂ရက်အထိ ၁၀ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပုညာရာမမိုးကုတ်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အရှင်ပုညာနန္ဒက ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည်ဖြစ်ရာ ဇူလိုင် ၂၃ရက် ညနေ အရောက် လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင်၁၀ရက်ကကျင်းပသော မြန်မာ့မီးရထားတိုင်းအမှတ်(၇) ရန်ကုန်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲတွင် တိုင်းတာဝန်ခံ ဦးသန်းချိုက တတိယတန်းကျောင်းသားတစ်ဦးအား ကျောင်းသုံးပစ္စည်းများပေးအပ်စဉ်။ (က-ပ)

အရည်အသွေးမှာ ထိပ်တန်း

ကြာငါးခိုင် ဝါဆိုသင်္ကန်း

Peace Myanmar Electric Co., Ltd.

ဝန်ထမ်းအလိုရှိသည်။

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ခန့်ထားရန်။)

၁။ Engineer (B.E or A.G.T.I - Mechanical) (ကျား) ၅ ဦး

၂။ Engineer (B.E or A.G.T.I) (မ) ၁ ဦး — Cooling Load & Duct Design

၃။ Engineer (B.E or A.G.T.I - Mechanical) (ကျား) ၄ ဦး

၄။ Accountant (B.Com or CPA) (ကျား/မ) ၁ ဦး

၅။ Computer Operator (ဘွဲ့ရ) (မ) ၁ ဦး

၆။ ယာဉ်မောင်း (ကျား) ၅ ဦး

JOB VACANCY

(Local Service Only / salary in kyat)

We have the vacancy for the following post.

1. Factory office staff Female (1) post

The one who has ability to operate E.mail & Excel and can speak, write and read Japanese.

Interested applicant is invited to submit CV, contact phone number, copy of certificates, recent photo, Labour registration card and expected salary.

within (8) days from the date of this advertisement to:

No.6(A), Inya Road, Kamayut T/S, Yangon

(U-9)

☎ 01-253268, 09-50-19116

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH CLASSES			
	3:30 - 5:00 p.m.	20.7.04	Mon to Thu
	7:30 - 9:00 a.m.	26.7.04	Mon to Thu
	10:00 - 12:00 a.m.	2.8.04	Mon to Wed
	1:00 - 3:00 p.m.	14.8.04	Sat + Sun

☎ 292046

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်တင်ထွဋ် LMDW-၀၀၅၀၁၆ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဦးမောင်လေး

အမှတ် ၉၃၊ ၁ ရပ်ကွက်၊ ဂျပန်လမ်း၊ တောင်ငူမြို့။

စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်စာသင်တန်း

Business Setting, Social English, Fixed Phrase, Telephone & Reception Conversation, Sales Forecast, Presentation, Layout of Business Documentation, Effective Communication Skills in English

MENTOR BMC

YUZANA CENTRE cosmetics show is at our door.

"Your face is your fortune."

Event Date	: 17.07.2004 to 18.07.2004
Place	: Yuzana Center, No. 130, Shwegondine St, Bahan Tsp
Tel	: 540749/ 540750

Enjoy more than 15 Branded Cosmetics Products and Get the Special discount & free skin test.

Live a Stylish Life, Shop Smart @ YUZANA

ဗုဒ္ဓဟူး ညနေသန့်ရှင်းရေးအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၆

ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူး ညနေသန့်ရှင်းရေးအသင်း၏ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နှစ်ပတ်လည်ရေစက်ချပွဲကို ဇူလိုင် ၃၁ ရက်(စနေနေ့)တွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ ဗုဒ္ဓဟူး ညနေသန့်ရှင်းရေးအသင်း တန်ဆောင်းတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းကပ် လှူပွဲနှင့် နှစ်ပတ်လည်ရေစက်ချပွဲတွင် အသင်းသား၊ အသင်းသူများက စုပေါင်း၍ ပင့်သံဃာ၁၁ပါးတို့အားဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော်မုခ်လေးမုခ်မှ ရုပ်ပွားတော်လေးဆူ အပါအဝင် ရုပ်ပွားတော်ကိုးဆူ တို့အား ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် တစ်နှစ်ပတ်လုံးဆောင်ရွက်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၂၀၀၃-၂၀၀၄ နှစ်ပတ်လည်အစည်း အဝေးနှင့် ပညာသင်စရိတ်ပေးအပ်ပွဲကို မြို့နယ် အစည်းအဝေးခန်းမတွင် ဇူလိုင် ၁၂ ရက်က ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ဘက်စုံလှုပ်ရှားမှု ထူးချွန်ဆုရရှိသော (၁၀) ရပ်ကွက် အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးအား ပထမဆုချီးမြှင့်စဉ်။ (၂၀၀)

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစား အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲလိုက်ဝယ်လ်တာဝိတ်တန်းမြန်မာပြည်ရွှေခါးပတ် ချန်ပီယံ နိုင်းဝမ်းလေး(မြို့တော်စည်ပင်)အား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၂ ရက်က မြို့တော်ခန်းမရှိအစည်းအဝေးခန်းမ(၁)၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဂုဏ်ပြုငွေကျပ်တစ်သိန်းကို နိုင်းဝမ်းလေး(မြို့တော်စည်ပင်)အား ချီးမြှင့်စဉ်။ (၂၁၀)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကို ရန်ကုန် အနောက်ပိုင်းခရိုင်ပန်းဘဲတန်းမြို့နယ် အထက (၁) ကေရီခန်းမ၌ ဇူလိုင်၁၃ရက်က ကျင်းပစဉ်။ (က-ပ)

ဇူလိုင် ၈ရက်က အထက(၅)မရမ်းကုန်း၏ ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်း၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး၊ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများက စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (က-ပ)

ဝါတွင်း တရားစခန်းများ

ရန်ကုန် ဇူလိုင် ၁၆

ကျေးဇူးရှင် အောင်မင်္ဂလာ ဆရာတော်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ် ဝါတွင်းအောင်မင်္ဂလာတရားစခန်းများကို မော်လမြိုင်မြို့ ကသစ်ဝိုင် ဓမ္မရိပ်သာ၌ စဉ်ဆက်မပြတ်ဖွင့်လှစ်၍ ပဓာနနာယက ဆရာတော် အရှင်ကေလာသနှင့် အုပ်ချုပ်ရေးနာယက ဆရာတော်များက တရားတော်များဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများနှင့် အလှူရှင်များ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရှားပါးဂန္ထဝင်စာအုပ်များ ဒုတိယအကြိမ်ပြသမည်

ရန်ကုန် ဇူလိုင် ၁၆

ဖိုးသင်းနိုင်စာပေမှ ရှားပါးဂန္ထဝင်စာအုပ်ဟောင်းများ၊ သတင်းစာနှင့် ဂျာနယ်ဟောင်းများကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် ၆၂ ရှိ လောကနတ် အလှပညာပြခန်းတွင် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါပြပွဲတွင် မရှိသလောက် ရှားပါးနေပြီဖြစ်သော စစ်ကြိုခေတ်၊ စစ်ပြီးခေတ် ဘာသာရပ်မျိုးစုံ၊ အင်္ဂလိပ်-မြန်မာစာအုပ်အမျိုးပေါင်း ၅၀၀ ခန့်နှင့် သတင်းစာ၊ ဂျာနယ်များကို အခမဲ့ပြသထားမည်ဖြစ်ရာ ဗဟုသုတလိုက်စားသူ စာပေဝါသနာရှင်များ လေ့လာနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့တစ်လွှားအားကစား

ယူရို ၂၀၁၂ လက်ခံကျင်းပရန် အိုင်ယာလန်စဉ်းစားနေ

ဒတ်ဘ်လင် ဇူလိုင် ၁၂

အိုင်ယာလန်နိုင်ငံသည် ယူရို ၂၀၁၂ကို အိမ်ရှင်အဖြစ် စကော့တလန်နှင့်အတူ ပူးပေါင်းကျင်းပရန် စဉ်းစားနေကြောင်း အိုင်ယာလန်ဘောလုံး အဖွဲ့ချုပ်(အက်ဖ်အေအိုင်)က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အိုင်ယာလန်သည် ယူရို ၂၀၀၈အတွက် စကော့တလန်နှင့်အတူ အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း ဩစတြီးယားနှင့် ဆွစ်ဇာလန်တို့၏ ပူးတွဲကမ်းလှမ်းချက်ကို အရှုံးပေးလိုက်ရသည်။

သို့ရာတွင် ယူအီးအက်ဖ်အေနှင့် အိုင်ယာလန်အစိုးရတို့ ဆွေးနွေးခဲ့ပြီးနောက် အက်ဖ်အေအိုင်က အခြားသော ဘောလုံးပွဲများကို လက်ခံကျင်းပရန် စိတ်အားထက်သန်ခဲ့သည်။

မိမိတို့သည် နိုင်ငံအဆင့် အားကစားပွဲများ အောင်မြင်အောင် ကျင်းပမည်ဖြစ်ကြောင်း အက်ဖ်အေအိုင်အမှုဆောင်အကြီးအကဲ ဖရန်ရူနေးက ၎င်း၏ဝက်ဘ်ဆိုက်မှ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

နယ်သာလန်နည်းပြသစ် မာကိုဗင်ဘတ်စတင် ဖြစ်ဖွယ်

အမ်စတာဒမ် ဇူလိုင် ၁၄

ကမ္ဘာကျော် ဘောလုံးသမားဟောင်းမာကိုဗင်ဘတ်စတင်နှင့် ဂျွန်ဗင့်တ်ချစ်တို့သည် နယ်သာလန်နည်းပြနှင့် လက်ထောက်နည်းပြများ ဖြစ်လာသည်။ နယ်သာလန်ဘောလုံးသမားကြီးဖြစ်သော ဂျိုဟန်ခရိုက်ဖ်က ဒတ်ချ်ဘောလုံးအသင်းသို့ အဆိုပါ ပုဂ္ဂိုလ်နှစ်ဦးအား ရွေးချယ်ရန် တင်ပြခဲ့သည်ဟု ဒတ်ချ်သတင်းစာ အယ်ဂျမ်မီးန်ဒတ်ဘရိတ်က အင်္ဂါနေ့တွင် ဖော်ပြသည်။ ဘတ်စတင်သည် နယ်သာလန်အသင်း ၁၉၈၈ခုနှစ်က ချန်ပီယံဖြစ်စဉ်က ၎င်းအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။၎င်းပုဂ္ဂိုလ်နှစ်ဦးသည် လောလောဆယ်တွင်အေဂျက်စ်အသင်း၏ အုပ်ချုပ်သူများဖြစ်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

လေးနိုင်ငံအမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ တရုတ်က ခရိုအေးရှားအသင်းကိုအနိုင်ရ

ပေကျင်း ဇူလိုင် ၁၄

တရုတ် ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသော လေးနိုင်ငံ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို တနင်္ဂနွေနေ့က ကျင်းပရာ ပွဲဦးထွက် တရုတ်အသင်းနှင့်ခရိုအေးရှား အသင်းတို့ ယှဉ်ပြိုင်ရာ၌ တရုတ်အသင်းက အနိုင်ရရှိသွားခဲ့သည်။

တရုတ်အသင်းက စုစုပေါင်း ၉၂ မှတ်နှင့် ခရိုအေးရှားအသင်းက ၅၅ မှတ်ရရှိပြီး တရုတ်အသင်းအနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

နောက်တစ်ပွဲအဖြစ်ဘရာဇီးအသင်းနှင့် ကနေဒါအသင်းတို့ပွဲတွင် ဘရာဇီးအသင်းက ၉၀-၈၅ မှတ်ဖြင့် အနိုင်ရရှိသွားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပြင်သစ်ဘောလုံးအသင်း နည်းပြသစ်ခန့်အပ်

ပါရီ ဇူလိုင် ၁၄

ရေးမွန်းဒိုမီနက်သည် ပြင်သစ်အသင်း၏ နည်းပြဖြစ်သွားပြီဖြစ်ကြောင်း၊ ၎င်းသည် ပြင်သစ်ကစားသမားဟောင်းဖြစ်သည့် လောရင့်ဘလန့်နှင့် ဂျင်းတိုက်နာတို့ကို ကျော်ဖြတ်ကာ နည်းပြအဖြစ်အရွေးခံရခြင်းဖြစ်ကြောင်းနေ့စဉ်အားကစားသတင်းစာဖြစ်သည့် အယ်အီကွိုက်ဒ်၌ ဖော်ပြသည်။

နည်းပြဟောင်း ဆန်တီနီသည် ၂၀၀၂ ကမ္ဘာ့ဖလားပြီးနောက် ယူရို ၂၀၀၄ မတိုင်မီကပင် ၎င်းသည် ပရီမီယာလိဂ် အသင်းတစ်သင်းဖြစ်သော တော့တင်ဟမ်အသင်းသို့ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းကိစ္စကိုအနီးစပ်ဆုံး ရွေးချယ်လုပ်ဆောင်မှု ဖြစ်ကြောင်း၊ ဒိုမီနက်သည် နည်းပြဟောင်း ဂျက်ရှီရက်ဆန်တီနီထက် အောင်မြင်မှု ရရှိလိမ့်မည်ဖြစ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်၏ ပြောကြားချက်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ချန်ပီယံဖြစ်ရေးကြိုးစားဦးမည့် အာဆင်နယ်မှဘားကမ့်

လန်ဒန် ဇူလိုင် ၁၁

ဒင်းနစ်ဘားကမ့်သည် အာဆင်နယ်၌ ကိုးနှစ်တာကာလအတွင်း မရေမတွက်နိုင်သော ဂုဏ်ပြုခြင်းကိုခံရသူတစ်ဦးဖြစ်သည်။ ဥရောပ၏ထင်ပေါ်ကျော်ကြားသည့် ဒတ်ချ်တိုက်စစ်မှူးလည်း ဖြစ်သည်။

သူသည် အသက် ၃၅နှစ်ရှိပြီဖြစ်ရာ အာဆင်နယ်နှင့်၂၀၀၃-၂၀၀၄ ဘောလုံးရာသီ ကုန်ဆုံး ချိန်တွင် ကန်ထရိုက် စာချုပ်တစ်နှစ်တိုး၍ ချုပ်ဆိုခဲ့သည်။ ၎င်းအနေဖြင့် သူ၏အသင်း၌ အကြီးမားဆုံးသောဆုဖလားရရှိရေးအတွက် ကူညီဖြည့်စွမ်းပေးလိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။

မိမိတို့သည် အတွေ့အကြုံများများရရှိလေ ပို၍ကောင်းအောင်ကစားနိုင်လာသည်ဟု ခံစားမိပါကြောင်း အာဆင်နယ်သို့ ရောက်ရှိနေသော ဘားကမ့်က ပြောကြားသည်။

မိမိတို့သည်ကောင်းမွန်စွာကစားနိုင် သေးကြောင်း၊ကံကောင်းမှုအနည်းငယ် လိုအပ်မည်ဖြစ်ကြောင်း၊ ဖြစ်နိုင်လျှင် ပွဲများများကစားရန်မှာ မိမိ၏ရည်ရွယ် ချက်ပင်ဖြစ်ကြောင်း၊ လူငယ်ကစားသမားများ အများအပြား ပေါ်ထွက်လျက်ရှိကြောင်း၊ ယင်းတို့ကဲ့သို့ ကစားနိုင်ရန်လည်း ကြိုးစားနေကြောင်း ဆေးလ်ဗား စတုန်း၌ တနင်္ဂနွေနေ့က ဘားကမ့်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မာရာဒိုနာ၏သား ဘလက်ဘန်းသို့ရောက်မည်

လန်ဒန် ဇူလိုင် ၁၃

ကမ္ဘာကျော်ဘောလုံးသမားကြီးဒိုင်ဂိုမာရာဒိုနာ၏ ဆယ်ကျော်သက်အရွယ်သားတစ်ဦးဖြစ်သည့် မာရာဒိုနာဂျူနီယာသည် အင်္ဂလိပ်ပရီမီယာလိဂ် အသင်းတစ်သင်းဖြစ်သော ဘလက်ဘန်းရိုဗာအသင်း၏ လူငယ်အကယ်ဒမီသို့ ဝင်ရောက်ရန်အတွက် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဘလက်ဘန်းကလပ်အသင်းက တနင်္လာနေ့တွင် ပြောကြားသည်။

အသက် ၁၇နှစ်အရွယ်ရှိ မာရာဒိုနာဂျူနီယာသည် ယခုလာလောဆယ်တွင် သူ၏ဖခင် မာရာဒိုနာကစားခဲ့သည့် အသင်းဟောင်းဖြစ်သော အီတလီစီးရီးဘီအသင်း နာပိုလီတွင် ကစားလျက်ရှိသည်။

မိမိအီတလီမှ နာပိုလီအသင်းနှင့်ဆက်သွယ်မှုတစ်ခုရရှိခဲ့ကြောင်း၊ မာရာဒိုနာဂျူနီယာသည် တော်သည့်ကစားသမားတစ်ဦးဖြစ်ကြောင်း၊ သူသည် မကြာမီ အောင်မြင်ကျော်ကြားလာမည့် ဘောလုံးသမားတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း ဘလက်ဘန်းမန်နေဂျာ ဂရေမီဆွန်နက်စ်က ဘီဘီစီသို့ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမျိုးသား ငှက်ဖျားရောဂါကာကွယ်ရေး ပညာပေးဟောပြော

မော်လမြိုင် ဇူလိုင် ၁၃

မွန်ပြည်နယ် ပဌမအကြိမ် အမျိုးသားငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြန်မာနိုင်ငံအနေနှင့် ငှက်ဖျားရောဂါကို အမျိုးသားရေးအသွင်နှင့် တိုက်ဖျက်ဖို့ လှုံ့ဆော်သောအနေနှင့် အမျိုးသားအဆင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးကို မွန်ပြည်နယ်၌ နှစ်စဉ်ကျင်းပရာ (၅)ကြိမ်တိုင်တိုင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း ခြင်ထောင်များဆေးစိမ်ခဲ့ရာ ယခုအခါ ခြင်ထောင်အလုံးပေါင်း ၁၆၀၀၀ ကျော်ကို ဖြန့်ဖြူးဆေးစိမ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများကလည်း မြန်မာနိုင်ငံ၏ အဓိကရောဂါကြီး ခြောက်မျိုးကို ကုသနိုင်ရန် နိုင်ငံအတွင်းမှာပဲ ဆေးများဖော်ထုတ်ရန်ဟူသည့်လမ်းညွှန်ချက်အရ ငှက်ဖျား တိုင်းရင်းဆေးများလည်း သုတေသနလုပ်ရာတွင် အောင်မြင်မှုရနေပြီ ဖြစ်သည်။ နိုင်ငံတော်၏ ကျန်းမာရေးပြဿနာဖြစ်သည့်ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိဒေသနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းစဉ်များကို ပြည်သူများက စဉ်ဆက်မပြတ် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း စသည်ဖြင့် ပြောကြားသည်။ **(ဝဲပုံ)**

ဆွေးနွေး

ထို့နောက် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဝင်းကျော်က ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပြီး ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်ဝင်းဝင်းမြင့်က သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို ဟောပြောဆွေးနွေးကြသည်။ **(၁၆၈)**

အခြေခံပညာအထက်တန်းကျောင်းများသို့ ကွန်ပျူတာ ပေးအပ်လှူဒါန်းပွဲကျင်းပ

မကွေး ဇူလိုင် ၅

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တိုင်းအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ကွန်ပျူတာပေးအပ် လှူဒါန်းပွဲနှင့် သရက်ခရိုင်၊ ဂန့်ဂေါခရိုင် E-Libraryများနှင့် မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ကွန်ပျူတာနှင့် ပရင်တာပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မင်းဘူးခရိုင်နှင့် ပခုက္ကူခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးများနှင့် မကွေးတိုင်း မိခင်နှင့်ကလေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးသို့ လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက မကွေးတိုင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့ လည်းကောင်း၊ တိုင်းအဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက သရက်ခရိုင် အခြေခံပညာ အထက်တန်းကျောင်းများသို့ လည်းကောင်း၊ တိုင်းအဖွဲ့ဝင်(၂) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းက ဂန့်ဂေါခရိုင်ရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့ လည်းကောင်း၊ မကွေးတပ်နယ်မှဗိုလ်မှူးကြီးအောင်သန်းထွဋ်က သရက်ခရိုင် E-Library အတွက်လည်းကောင်း၊ မကွေး တပ်နယ်မှ ဗိုလ်မှူးကြီးဌေးအောင်က ဂန့်ဂေါခရိုင် E-Library အတွက်လည်းကောင်း၊ ကွန်ပျူတာများနှင့် ပရင်တာများ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ခရိုင်ဥက္ကဋ္ဌများက လက်ခံရယူကြသည်။ **(အပေါ်ယာပုံ)**

လှူဒါန်းပွဲတွင် ကွန်ပျူတာ၄၂လုံးလှူဒါန်းခဲ့ပြီး ယခုနှစ်အတွင်း အထက်တန်းကျောင်းများနှင့် E-Library များအတွက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကွန်ပျူတာ ၁၂၇ လုံးနှင့် ဆက်စပ်ပစ္စည်းများတန်ဖိုး စုစုပေါင်းကျပ်၅၄၇၈၇၆၀၀ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။**(က-ပ)**

ပညာသင်ခရိုင်တော်ကိုပြမှုမှဖေ...

ပညာသင်စရိတ်ထောက်ပံ့မှုဖောင်ဒေးရှင်း သာယာဝတီမြို့နယ်၌ တည်ထောင်

သာယာဝတီ ဇူလိုင် ၃

သာယာဝတီမြို့နယ် သရဝဏ်ပညာသင်စရိတ် ထောက်ပံ့မှုဖောင်ဒေးရှင်း တည်ထောင်မှု အခမ်းအနားကို ဇွန် ၂၁ ရက်က သာယာဝတီ အထက(၁) ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်အေးဝင်းနှင့် ဇနီး ဒေါ်ဝင်းမာညွန့်(သရဝဏ်ကုမ္ပဏီ)နှင့် မိသားစုတို့က ချို့တဲ့ကျောင်းသား ကျောင်းသူများဖြစ်သည့် ဒသမတန်း၊ နဝမတန်းနှင့် အဋ္ဌမတန်း ကျောင်းသားများကို ပညာသင်စရိတ် ထောက်ပံ့ရန်အတွက် ကျပ်သိန်း ၂၀ မတည်ငွေလှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက လက်ခံရယူသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ခရိုင်ပြည်သူ့ဆေးရုံ လူနာများအတွက် ကျပ် ၂၀၀၀၀ လှူဒါန်းရာ ခရိုင်ဆရာဝန်ကြီး ဦးသောင်းတင်ထွန်းက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းစည်းဝေး

ပြည် ဇူလိုင် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ၂၀၀၃-၂၀၀၄ ခုဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးဆိုင်ရာ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီက ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက အမှာစကားပြောကြားပြီး **(ယာပုံ)** ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ၁၄ မြို့နယ်များမှ အမှုဆောင်အရာရှိများက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းက ဆွေးနွေးပြောကြားကြကြောင်း သိရသည်။ **(၄၀၃)**

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများက မြို့သာယာလှပရေးအတွက် မြို့ဝင်မြို့ထွက်လမ်းဘေးများတွင် ပန်းအလှပင်များရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် မြေခင်းအလှဆောင်ရွက်ခြင်းများကို အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မောင်တောမြို့နယ်ထွေ/ အုပ် ပညာသင်ထောက်ပံ့

မောင်တော ဇွန် ၂၆

မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇွန် ၁၃ ရက်က ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်နှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်မောင် တို့က အမှာစကား အသီးသီးပြောကြားကြပြီး ဝန်ထမ်းများ၏ သားသမီး ၃၄ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေများကို ဝန်ထမ်းများ၏ သားသမီးများ ကိုယ်စား မောင်မင်းသန့်ကျော်အား မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်မောင်က ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ပဲ ခူး တိုင်း (အ နောက် ပိုင်း) ပေါက် ခေါင်း မြို့နယ် စည် ပင် သာယာရေး အဖွဲ့မှ မြို့မဈေးကြီး အတွင်း ဇူလိုင် ၄ ရက်က အမှုဆောင် အရာရှိ ဦးကြည်စိုး ဦးဆောင်၍ ဈေးမိဈေးဖများနှင့် အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများပူးပေါင်း၍ အမှိုက်သရိုက်နှင့် ချုံနွယ်ပေါင်းမြက်များကို ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

(၁၇–၇–၂၀၀၄) ရက်နေ့တွင်

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
စာမူများဖိတ်ခေါ်ခြင်း

၂၀၀၄ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရာတွင် မြို့နယ်သူ၊ မြို့နယ်သားများနှင့် စာပေစိတ်ပါဝင်စားသူများ၏ ဝတ္ထု၊ဆောင်းပါး၊ ကဗျာ၊ စာညွှန့်များကို ဖိတ်ခေါ်အပ်ပါသည်။

စာမူများကို ၃၁–၈–၂၀၀၄ ရက် နောက်ဆုံးထားပြီး အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။

(၁) ဒေါက်တာခင်မောင်ဆွေ (ပါမောက္ခငြိမ်း) ရန်ကုန်တက္ကသိုလ် အမှတ် (၁၀)၊ လမ်းဆက်လမ်း၊ တာမွေစာတိုက်၊တာမွေမြို့နယ်။
(၂) ဦးအောင်သောင်း (ပါမောက္ခငြိမ်း) ရန်ကုန်တက္ကသိုလ် အမှတ် (၁၃)၊ ရတနာလမ်း၊ အမှတ် (၃) ရပ်ကွက်၊ ကမာရွတ်စာတိုက် ကမာရွတ်မြို့နယ်။

အမှုဆောင်အဖွဲ့။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးတွမ်ခိုင်မြင့်၏ သမီးဖြစ်သူ အထက(၂)ကမာရွတ် ဒသမတန်း(C)မှ မတွမ်ရင်ရှောက် ၁၃/ကခန(နိုင်)၀၆၉၆၇၄ အား မတွမ်ရင်ရှောက်(ခ) မမေစန္ဒာအောင်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးတွမ်ခိုင်မြင့်၏သမီးဖြစ်သူ အထက(၂) ကမာရွတ် ဒသမတန်း(A)မှ မတွမ်ရင်လျက် ၁၃/ကခန(နိုင်)၀၆၉၆၇၆ အား မတွမ်ရင်လျက်(ခ)မမေသန္တာအောင်ဟု အမည်ဖြည့်စွက်ခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

အထက(၂)တာမွေ တတိယတန်း (B) မှ မကြည်ကြည်စိန်၏ ဖခင်အမည်မှန်မှာ ဦးရန်လူ ဖြစ်ပါသည်။

ထိုင်းဘာသာသင်တန်း
4 Skills

တတ်ကျွမ်းသည်အထိ တာဝန်ယူသင်ကြားပေးသည်။ သင်တန်းလက်ခံပြီ။
တိုက် ၅၊ အခန်း ၂၁၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်။ ဖုန်း–၂၂၀၃၂၁။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(အမ်ပီအေ)သင်တန်း
ဝင်ခွင့်စာမေးပွဲအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် စတင်ဖွင့်လှစ်မည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ပီအေ)သင်တန်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ပထမနှစ်သင်တန်းအတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် အမ်ပီအေသင်တန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) အခြားသင်တန်းတစ်ခုခုတွင် အချိန်ပြည့်တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို အသုံးချဘောဂဗေဒဌာန G ဆောင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့တွင် ၂၆–၇–၂၀၀၄ ရက်နေ့မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို ၆–၈–၂၀၀၄ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် လာရောက်လျှောက်ထားနိုင်သည်။

၄။ ဝင်ခွင့်စာမေးပွဲကို ၂၀၀၄ခုနှစ် ဩဂုတ်လ၁၆ရက် (တနင်္လာနေ့)တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပမည်။

၅။ ဝင်ခွင့်စာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းနှင့် ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) အသုံးချဘောဂဗေဒဌာနGဆောင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ဖုန်း–၀၂–၆၇၆၅၂၊ ၀၆၄–၅၀၂၈၁၊ လိုင်းခွဲ–၁၃၇
(ခ) ဌာနမှူး သင်တန်းရေးရာဌာန ဖုန်း–၀၆၄–၅၀၂၈၂
(ဂ) မော်ကွန်းထိန်း မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဖုန်း–၀၆၄–၅၀၂၈၂

အောင်အောင်စိုး
မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

မွေးနေ့ဆုတောင်း

မိခင်ဒေါ်ခင်သန်းဝင်း၏ မွေးနေ့မှ သားသမီးများအပေါ် ထားရှိသော မေတ္တာ၊ စေတနာများအား သားသမီးများမှ ကျေနပ်ဝမ်းမြောက် ဂုဏ်ယူမိပါသည်။

အောင်သူဝင်း၊ သန်းထက်ဝင်း၊ စန္ဒာအောင်၊ တေဇာအောင်။

အမည်ပြောင်း

ဦးအောင်သန်း–ဒေါ်ကြည်ကြည်ညွန့်တို့၏ သားများဖြစ်ကြသော ဒိုက်ဦးမြို့ အထက ဖောင်တော်သီ ဒသမတန်း(B)မှ မောင်ပြည့်ထက်အောင်အား မောင်ခန့်ဇော်ဟိန်းဟူ၍လည်းကောင်း၊ အမက ကုန်းဝိုင်းကြီး တတိယတန်းမှမောင်ဇော်ထက်အောင်အား မောင်ရဲမင်းဦးဟူ၍ လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အမည်ဖြည့်စွက်ခြင်း

အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်၊ တိုက် ၁၉၊ အခန်း ၁၃၊ ရထားရိပ်သာနေ အဖ ဦးအောင်သန်း၏သား ကိုကျော်စိုးသန်း ၁၂/အလန(နိုင်) ၀၂၀၈၇၄ အား ကိုကျော်စိုးသန်း (ခ)ဘက်နက်ဒစ်ဟု ဖြည့်စွက်ခေါ်ပါရန်။

ကျော်စိုးသန်း(ခ)ဘက်နက်ဒစ်။

ဖခင်အမည်မှန်

အလက (၈)လှိုင်မြို့နယ် အဋ္ဌမတန်း (ခ)မှ မောင်ဆက်အောင်(ခေါ်) ဆက်နောင်ခင်မောင်သန်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ဖြစ်ပါကြောင်း။ **ဦးခင်မောင်သန်း။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ခန့်ထားရန်)

၁။ **ကြီးကြပ်ရေးမှူး (ဘွဲ့ရ)** **ကျား (၂)ဦး**

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရပ်ကွက် ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။
နယ်မှဖြစ်ရမည်။
လိပ်စာ – အမှတ် (၅၁၉/ ၅၂၀)၊ အဓိပတိလမ်းသွယ်(၁) စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။
ဖုန်း – ၇၀၆၅၃၃။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးစိန်ခို (ကျုံပျော်)
အသက်(၁၀၁)နှစ်

(ဦးကြောင်ပိန်–ဒေါ်အုံးခိုင်)တို့၏သား၊ ရန်ကုန်မြို့၊ အုတ်ကျင်းဘုတာရုံလမ်း၊ အမှတ် ၃၂/အေ နေ ဒေါ်သိန်းကြည်၏ခင်ပွန်း၊ ဒေါ်ညွန့်စိန်၊ ဦးအောင်ကျော်(ညွှန်မှူး၊ငြိမ်း၊ရှေးဟောင်း သုတေသနဦးစီးဌာန)–ဒေါ်နှင်းညွန့်၊ ဦးကျော်စိန်–ဒေါ်မြင့်မြင့်စိန် (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ကပရ)တို့၏ဖခင်၊ မတင်မေဦး (ရှေးဟောင်းသုတေသနဦးစီးဌာန)၊ မောင်ကျော်ဇင်ဝင်း – မမြင့်မြင့်အောင်၊ မခင်ချိုနွယ်၊ မောင်ထွန်းကျော်ဝင်း၊ မမျိုးမျိုးကျော်(M.A-I ၊ မနုဿဗေဒ)တို့၏ အဘိုးသည် ၁၄–၇–၂၀၀၄ရက် နံနက် ၆ နာရီတွင် အာရုတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀–၇–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရောင်း/လဲ/ငှားမည်

88 Model (Air Con, Minibus)

နံပါတ်ပြာ 8A–ရောင်းမည်။
ကားမျိုးစုံငှားမည်။
ဖုန်း– ၅၂၄၆၈၆၊ ၀၉–၈၀–၂၄၀၄၄။

ဖခင်အမည်မှန်

အထက(၂) ကမာရွတ် ဒသမတန်း(C)မှ မမေစန္ဒာအောင်၊ ဒသမတန်း(A)မှ မမေသန္တာအောင်၊ အဋ္ဌမတန်း(D)မှ မောင်မိုးဝင်းကျော်၊ သတ္တမတန်း(B)မှ မသဇင်ကျော်၊ သတ္တမတန်း(F)မှ မောင်မျိုးလှိုင်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးတွမ်ခိုင်မြင့် ၁၃/ကခန(နိုင်) ၀၂၃၄၀၁ ဖြစ်ပါကြောင်း။

အမွေပြတ်စွန့်လွှတ်ခြင်း

